mgyoe.com
SAMPLE BOOK

# ငါ့ရင်ထဲက စံပယ်ရဲ့

## မိမိုး



mgyoe.com

mgyoe.com

SAMPLE BOOK

# ဝိုဝိုး

## ငါ့ရင်ထဲက စံပယ်ရုံ



4 472682 673005

ART WORK BY AUNG KYAW MYINT

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၀ ခုနှစ်၊ မတ်လ
ထုတ်ဝေသူ - တောင်ဇလပ်နီစာပေ (၀၂၇၇၄)
ဦးမင်းထက်ဟန်၊ အမှတ် ၃၉၊ ပထမထပ်၊
ရန်ပြေ ၁၂-လမ်း၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - မျိုးမျိုး ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ် (၁၁)၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - အောင်ကျော်မြင့်
CTP - Eagle
အတွင်းအပြင်အဆင် - ဇလပ်နီ
စာစစ် - ဇလပ်နီ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၅၀၀ ကျပ်

၈၀၈.၈၄
မိမိုး
ငါ့ရင်ထဲက စံပယ်ရုံ၊ မိမိုး၊ - ရန်ကုန်။
တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၀။
စာ-၂၀၄၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ငါ့ရင်ထဲက စံပယ်ရုံ

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၁)

ရင်ထဲက စံပယ်ရုံ ...
အငုံဘဝကတည်းက မွှေးမြလှပ
နီးတုန်းကလည်း မွှေး
ဝေးသွားတော့လည်း မွှေးနေမယ့်
ငါ့ရင်ထဲက စံပယ်ရုံ။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

(၁)

ကျောင်းအသစ်မှာ ကျောင်းသူအသစ်အဖြစ် ပထမဆုံး ကျောင်းစတက်ရသော အရသာက အနည်းငယ်တော့ အူကြောင်ကြောင် နိုင်လှသည်။ သူငယ်ချင်းအသစ်လည်း တစ်ယောက်မှ မရသေးသလို မြင် မြင်သမျှသော ကျောင်းသား ကျောင်းသူတိုင်းသည်လည်း မျက်နှာစိမ်းသက်သက်သာ ဖြစ်နေလေသည်။ ကျောင်းအပ်စဥ်တုန်းကလည်း ဆရာမတွေက အများကြီးမို့ဘယ်ဆရာမက ကိုယ့်အတန်းပိုင် ဖြစ်မှာလဲ ဝေဝေဝါးဝါးသာ။

ခက်မေအောင်က လူတွေ မျက်နှာကို သိပ်မမှတ်မိတတ်ပါ။ ခက်မေအောင် လျင်မြန်စွာ မှတ်မိတတ်တာသည် လူများ၏ အင်္ကျီအဝတ်အစားနှင့် ပြောဟန်ဆိုဟန်များသာ ဖြစ်တတ်လေသည်။ ကိစ္စတော့ မရှိပါ။ ပထမဆုံးအချိန်မှာ အတန်းထဲ ဝင်လာကာ အတန်းထဲက တပည့်များကို နှုတ်ဆက်စကားပြောသူမှာ အတန်းပိုင် ဆရာမသာ ဖြစ်လိမ့်မည်မို့ထိုကျတော့လည်း မှတ်မိသွားမည်သာ။ လျှောက်ကြည့်နေရတာ မောလာသည့်အတူတူ ကိုယ့်အတွေးနှင့်ကိုယ် စိတ်အေး လက်အေးဖြင့်ပင် လွယ်အိတ်ထဲက စာအုပ်များ ထုတ်ကာ နာမည်ထိုင်တပ် နေမိတော့သည်။ တစ်အုပ်ထုတ် . . မခက်မေအောင်၊ နောက်တစ်အုပ်ထုတ် . . .မခက်မေအောင်၊ နောက်တစ်အုပ်



mgyoe.com

mgyoe.com SAMPLE BOOK

မခက်မေအောင်။

သုံးအုပ်မြောက် စာအုပ်ကို နာမည်တပ်ပြီးချိန်မှာတော့ ဘေးခုံသို့ ကျောင်းသူတစ်ဦး ဝင်ထိုင်သည်ကို သိလိုက်သည်။ နှစ်ဦးထိုင်ခုံတန်းလေးမှာ တစ်ယောက် ဝင်ထိုင်လိုက်သည် ဆိုကတည်းက လှုပ်လှုပ်ရှားရှား အရွှေ့အပြောင်းတော့ရှိသည်မို့ ခက်မေအောင်က နှုတ်ဆက်ဖို့ အဆင်သင့် အနေအထား ကြည့်နေမိသည်။ ဘေးမှာဝင်ထိုင်သူလေးကတော့ အချေဖယားလေးလား၊ တည်ငြိမ်သူလေးလား ဘာလားတော့ မသိ။ ကြည့်နေမှန်း သိလျက်နှင့် ဘေးကလူကို ပြန်မကြည့်တာ နည်းနည်းတော့ အထာကိုင်သည်ဟု ခံစားလိုက်ရသည်။

နောက်တော့လည်း သူမကြည့်တော့ ကိုယ်ကြည့်လို့ပိုကောင်းသည်ဟုသာ တွေးရင်း ဘေးမှာ လာထိုင်သူ မိန်းကလေးကို သေသေချာချာပင် ထိုင်ရှိုးနေမိတော့သည်။ သူမကို ရန်ကုန်ကျောင်းက ပြောင်းလာသူမို့ မြို့ကျောင်းသူဟု ခေါ်ကြကြေးဆို ဘေးနားမှာ လာထိုင်သူလေးသည် ယခုနယ်မြို့လေးက ဒေသခံ ကျောင်းသူဟောင်းမို့ နယ်သူလေးဟု ပြောရမည်ထင်သည်။ သို့သော် ထိုကျောင်းသူကို မြင်ရတွေ့ရသည်မှာ နယ်မဆန်ဘဲ မိုက်နေသည်။ အဲ ... အဲဒီလိုတော့ မဟုတ်သေး။ 'မိုက်' ဆိုသည့် စကားလုံးနှင့်လည်း သိပ်မကိုက်လှဟု ကိုယ့်စိတ်ထဲ ကိုယ်ပြန်ဖြစ်ရပြန်သေးသည်။

ဟုတ်သည်။ ဒီကောင်မလေး အလှက 'မိုက်' ဆိုသော စကားလုံးနှင့် မကိုက်လှ၊ မသက်ဆိုင်လှပါ။ ဖြူဝင်းနုညက်နေသော အသားမှာ မျက်နှာလေးကလည်း ဖူးလုံးနုဥနေကာ အထူးဆန်းဆုံးက ဆံပင်များ ဖြစ်သည်။ ဒီအရွယ်လေးနှင့် ဆံပင်ရှည်ကို မျက်နှာတစ်ခုလုံး အပြောင်သိမ်းကာ နောက်ကျောဘက်မှာ ကျစ်ဆံမြီး တစ်ချောင်းတည်းကျစ်ပြီး အရှည်ချထားသော မိန်းကလေးကျောင်းသူကို တွေ့ခဲ့လှပါသည်။

များသောအားဖြင့် ဆံပင်ရှည်သူမှန်သမျှ နောက်ဖက် ဒီတိုင်းစုစည်းထားလျှင်စည်း ဒါမှမဟုတ် ဘေးဖက်မှာ ဖဲပြားလေးများဖြင့် နှစ်ဘက်ခွဲစည်းတာမျိုးကိုသာ လုပ်တတ်ကြသည်သာ။ ဒီမြို့လေးက နယ်မြို့လေး ဆိုသော်လည်း သိပ်တော့ တောအကျကြီး မဟုတ်သမို့ခုလို ရှားပါးသော ဆံပင်ပုံစံက တကယ့်ကို အမြင်ဆန်းနေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘေးတိုက်မြင်နေရသော ပြောင်တင်းနေသည့် နဖူးပြောင်ပြောင်လေးနှင့် ထိစပ်နေသော ဆံစပ်တစ်လျှောက်မှာတော့ ဆံပင်ဖျော့ဖျော့ နုနုအမွေးလေးများက ခွေတွေတွေလေးတွေ ရှိနေပြန်သည်။ အဝေးကဆို ဒီဆံနုခွေလေးတွေကို မြင်ရမည် မဟုတ်သော်လည်း အနီးကပ် မြင်တွေ့နေရသော ခက်မေအောင်ကတော့ ယဉ်စစနဲ့ လှလိုက်တာဟုသာ ထင်နေမိတော့သည်။ ဘာပဲပြောပြော ကျေနပ်သည်။ ဒီလိုအချောလေးတစ်ယောက် သူ့မဘေးလာထိုင်ကာ ဒါလေးက သူ့မ အတန်းဖော်၊ သူမသူငယ်ချင်း ဖြစ်လာမည်ကို ဘယ်သူ မကျေနပ် ရှိမည်လဲ။

မချောလေးက သူထိုင်မည့် ထိုင်ခုံဘက် အခြမ်းကို အိမ်မှ ကြိုတင်ယူလာပုံရသော အဝတ်စတစ်စဖြင့် သေချာသုတ်ကာ အတွင်းခုံကိုလည်း သေချာ ပွတ်တိုက်သုတ်ပြီးမှ လွယ်အိတ်လေးကို စနစ်တကျ ထည့်နေသည်မို့ အချိန်ခဏတော့ စောင့်လိုက်ရလေသည်။ အားလုံးပြီးသွားချိန်မှာတော့ ခက်မေအောင်ဘက်သို့ လှည့်ကာ စူးစမ်းတော်မူလေ၏။ ထိုတော့မှ ကျောင်းသူအသစ်ပဲဟု သတိထားမိသွားဟန်ဖြင့် ခပ်တွေတွေ ကြည့်လာချိန် ခက်မေအောင် သိုးသိုးသွက်သွက် စတင် နှုတ်ဆက်မိတော့သည်။

'ငါ့နာမည် ခက်မေအောင် . . . ရန်ကုန်က ပြောင်းလာတာ'

ကောင်မလေးက တစ်ခုခု ပြန်ပြောဖို့ ပါးစပ်ပြင်လိုက်ချိန်မှာပင် အနှောင့်အယှက်တစ်ခု ဝင်လာသည်။ နှစ်ဦးသားကြားကို လက်မှန်းတည့်စွာ ကျလာသော ဆီးထုပ်နှင့် နေကြာစေ့ထုပ် နှစ်ထုပ်။ နေကြာစေ့ထုပ်က ခုံပေါ် ရောက်ပြီးမှ လျှောကနဲ ကျသွားတော့မည့်ဟန်မို့ခက်မေအောင် ကမန်းကတမ်း လိုက်ဖမ်းလိုက်ရသေးသည်။ ကောင်မလေးက စိတ်တိုသွားဟန်ဖြင့် အခန်းပေါက်ကနေပြီး ပစ်ပေးလိုက်သူကို 'အနားကို လာပေးပါလား ကောင်စုတ်လေးရဲ့' ဟု ပြန်လှမ်းအော်နေသည်။ ခက်မေအောင် သူကြည့်ရာ လိုက်ကြည့်လိုက်ချိန်မှာတော့ ပစ်ပေးသူက မရှိတော့။ ကောင်မလေးက မုန့်ထုပ်များကို ခုံထဲသို့ ထည့်လိုက်ရင်း 'ငါ့မောင်လေ အသုံးကို မကျဘူး' ဟု ရေရွတ်မြည်တမ်းသလို လုပ်ရင်း တိုင်တည်ပြောသလို ပြောနေလေသည်။ ခက်မေအောင်ကဖြင့် သူ့နာမည်ကို သိချင်လှပြီ။

'နင့်နာမည်က'

mgyoe.com

'မိ'

'ဟင် ဘယ်လို'

'မိ . . . မိ'

ကောင်မလေးက ခက်မေအောင်၏ ဘယ်လိုဆိုသော မေးခွန်းကို ကြိုက်ပုံမရဘဲ ခပ်ဆောင့်ဆောင့်လေး ပြန်ပြောသည်။ ကြည့်ရတာ သူ့နာမည် ကို ရယ်ချင် လှောင်ချင်သလိုဟန် ထပ်မေးသည်ဟုများ ခံစားသွားသလားမသိ။ တကယ်ဆို နာမည်က တစ်လုံးတည်းမို့သေချာရဲ့လား ထပ်မေးခြင်းပါဟု ဖြေရှင်း လိုက်ချင်ပါသည်။ သို့သော် မရှင်းဖြစ်တော့။ ရှင်းလိုက်ကာမှ ပိုဆိုးသွားမလား တွေးမိကာ တိတ်တဆိတ်ထိုင်ရင်းပင် စိတ်တွင်းက ' မိ၊ မိ' ဟု ရွတ်ကြည့်နေ မိသည်။ လှသည်။ ခက်မေအောင်ကတော့ မိ ဆိုသော နာမည်လေးကို အကြိုက် သားပင်။ မိ ၏ လှနိုင်လွန်းသော ရိုးရိုးရှင်းရှင်းအလှနှင့် တစ်လုံးတည်းသော နာမည်လေးမှာ ဟပ်မိသည်ဟု ခံစားမိသည်။ သို့သော် ခက်သည်က ရွှေမှာ မ ဘယ်သူ ဘယ်ဝါ တပ်ကာ နာမည်ခေါ်လျှင်တော့ 'မမိ' ဆိုတာကြီးက လှမှာ မဟုတ်တော့ဟု ပေါက်ပေါက်ရှာရှာ ဆက်တွေးနေမိသည်။ ထိုထက်ပိုဆိုးသည်က မိများ အသက်ကြီးလျှင် 'ဒေါ်မိ' ဆိုလို့က ပိုလို့တောင် ကြားရတာ ကောင်းမှာ မဟုတ်။ မိ ဆိုသော အမည်မှာ မိ ဟုသာ အမြဲတမ်း ခေါ်ဝေါ်သုံးစွဲမှ နားထောင် ကောင်းမည့် အသံထွက်တစ်ခု ဖြစ်လေသည်။

ထိုစဉ်မှာပင် အတန်းပိုင်ဆရာမ အခန်းတွင်းသို့ ဝင်လာသည်။ ဖြူဖြူ လုံးလုံးနှင့် မျက်နှာတစ်ခုလုံး ပြုံးနေသော ဆရာမက သူ့ကိုယ်သူ အတန်းပိုင် ဟုပင် မိတ်ဆက်စရာ မလိုတော့အောင် အတန်းတွင်းရှိ တပည့်များနှင့် အဖွဲ့ ကျလှသည်။ ' ဒီနှစ်တော့ ငါ့လက်ထဲ ရောက်လာကြပြီပေါ့လေ ' ဟု ဆိုလိုက် ချိန်မှာ ' ဟုတ်ကဲ့ပါ ဆရာမ ' ဟု အသံခပ်ကျယ်ကျယ် အော်လိုက်သံတွေက အများကြီးမို့ဒီဆရာ ဒီတပည့်တွေက ရင်းနှီးပြီးသားဟု သိလိုက်သည်။ ဘေးနားက မိက ' နင် ဘယ်မှာ ကျူရှင်တက်လဲ၊ ငါတော့ တီချယ်ဝင်းဆီမှာ ကျူရှင်တက်နေပြီ၊ သြော် တီချယ်ဝင်းဆိုတာ တီချယ် ဒေါ်လှလှဝင်းကို ပြောတာ၊ ဒီဆရာမလေ ' ဟု ခပ်တိုးတိုး ပြောလေသည်။ ခက်မေအောင်မှာ မိ အသံ ခပ်အုပ်အုပ်ကိုအကြား ကျူရှင်ကိစ္စ စုံစမ်းရမည့် အကြောင်းကို အခုမှ သတိတရ ရှိတော့၏။ ဘွားဘွားက အိမ်မှ ထွက်စဉ်ကတည်းက သေချာ


mgyoe.com

mgyoe.com SAMPLE BOOK

မှာလွှတ်လိုက်တာ ဖြစ်သည်။ သူငယ်ချင်းတွေ ဘယ်မှာ ကျူရှင်တက်သလဲ၊ သေချာ စုံစမ်းခဲ့ဟု မှာလိုက်သေးသည်ပဲ။ 'အေး အဲဒါ ငါ မေးမလို့၊ မေ့နေတာ' ဟု မိ လေသံအတိုင်း ခပ်တိုးတိုး ပြန်ဖြေမိ၏။

'ဟေး ဟိုကျောင်းသူ အသစ်လေးက ကိုမြင့်အောင် သမီးလေး မဟုတ်လား'

ကျိတ်ကျိတ် ကျိတ်ကျိတ် စကားပြောနေသည်ဟု ဆရာမ ထင်သွားလေသလား မသိ။ ဆရာမက သူမကို လှမ်းကြည့်ကာ အော်လေသည်။ အဖေ့နာမည် ကြားလိုက်တော့ ခက်မေအောင် လန့်တောင် သွားရသည်။ မတ်တပ်ထရပ်လိုက်ရင်း 'ဟုတ်ကဲ့ပါ ဆရာမ' ဟု တရိုတသေ ပြန်ဖြေလေတော့ ဆရာမက အဖေ့သူငယ်ချင်း ဖြစ်ကြောင်း၊ အဖေနှင့် ဖုန်းရကြောင်းတွေ ပြောရင်း သူမ နာမည်ကို မေးချိန် ခက်မေအောင်ပါဟု ပြန်ဖြေဖြစ်လေသည်။ သူမ 'မိ' ဝဋ်ကို ယခု လည်လေပြီ။ မိ ကို နာမည်မေးတုန်းက ဟင်တွေ၊ ဘယ်လိုတွေ လုပ်ထားမိသမျှ ယခု သူမနာမည်ကို နှစ်ခေါက်ပြန်ပြောပြနေရ၏။ မိက တော့ ထိုင်နေရင်း တိတ်တိတ်လေး ပြုံးနေလိမ့်မည် ထင်သည်။ နောက်နားဆီက 'ခက်မောင်လေ ဆရာမ' ဟု ဝင်အော်ပေးသံလည်း ကြားလိုက်သေးသည်။ စိတ်မဆိုးပါ။ သူတို့ပဲ ခက်မေအောင်ကို ခက်မောင်ဖြစ်အောင် နားထောင်တတ်သည်။ သူတို့ ပြောမှပဲ ခက်မေအောင်ဟာ ခပ်မြန်မြန်ခေါ်လျှင် ခက်မောင်ဟု အသံထွက်နိုင်ကြောင်း သိလိုက်မိသည့် အဖြစ်။ တော်တော်နောက်တဲ့ ကောင်တွေဟုသာ တွေးမိသည်။

သဘောကောင်းပုံရသော ဆရာမကတော့ သူ့ နားကြားမှားတာကိုသာ သူ့ဘာသာ သဘောတကျရယ်ရင်း နောက်နေသော ဗရုတ်တွေကိုလည်း 'ဒါမျိုးကျ တော်တော် အသံထွက်တယ်နော်၊ စာမေးမှ ခွေးအကြီး လှည်းတက်နင်းထားသလိုဆို တွေ့မယ်' ဟု ပြန်နှက်ကာ သူမကိုလည်း 'ရန်ကုန်သူ ထိုင်ထိုင်' ဟု ထိုင်ခိုင်း၏ ။ တကယ်တော့ သူမ ရန်ကုန်သူ မဟုတ်ပါ။ အစိုးရဝန်ထမ်းအဖြစ် နယ်လှည့်တာဝန်ထမ်းဆောင်နေရသော အဖေက သူမကို မီးဖွားဖို့ အမေအခက်အခဲ ဖြစ်မှာစိုးကာ ဒီမြို့လေးမှာပဲ ပြန်မွေးဖွားစေခဲ့သည်။ ဒါကြောင့် ခက်မေအောင် မြို့သာယာသူ စစ်စစ်ပါဆိုတာ ဆရာမ သိအောင် တစ်နေ့တော့ ပြောပြရဦးမည်။


mgyoe.com

mgyoe.com

နေ့လယ်ပိုင်း မုန့်စားဆင်းချိန်မှာတော့ မိ နှင့် သူမတို့ တော်တော် အဆင်တပြေ အဖွဲ့ကျသွားခဲ့လေပြီ။ ကျောင်းမုန့်ဈေးတန်းမှာ ခက်မေအောင် ကြိုက်သော ဗမာမုန့် တော်တော်များများရောင်းကာ ရောင်းသမျှလည်း ဈေးချို သည်မို့ အကြိုက်တွေ့ရပြန်သည်။ မုန့်လက်ဆောင်းဆိုလည်း တော်တော်ကို ကောင်းသည့် မုန့်လက်ဆောင်းပင်။ ရန်ကုန် မုန့်လက်ဆောင်းနှင့် မတူဘဲ စုံစီ နဖာလေးတွေပါကာ အုန်းနို့နှင့် မဟုတ်၊ ထန်းလျက်ရေ သက်သက်ဖြင့် ချိုအီ မွှေးစိမ့်နေသော မုန့်လက်ဆောင်းက သောက်လို့ အလွန်ကောင်းလေ၏။ မြင်မြင်သမျှ ဟိုဟာလေးလည်း စားချင်၊ ဒီဟာလည်း စားချင်နှင့် စပ်စပ်စပ်စပ် လိုက်စားမိနေသော သူမကို မိက တအံ့တဩကြည့်ရင်း 'နင် တော်တော် အစား ပုပ်ပါလား' ဟု မှတ်ချက်ပေးလေသည်။ အားပါးတရ စားနေသော သူမကို အနားကပ်ကာ 'ဟဲ့ ဖြည်းဖြည်းစားလေ၊ နင့်ကို ကြည့်နေကြတာ' ဟုလည်း တိုးတိုးသတိပေးသေး၏။

ဟုတ်သား။ ထိုတော့မှ ခက်မေအောင် သတိထားမိသွားတော့သည်။ မြို့သာယာကျောင်းကြီးက ကျောင်းသူ ကျောင်းသားတွေက ကျောင်းသူအသစ် ဆိုလျှင် ဟန်မဆောင် ပန်မဆောင် သိသိသာသာ အကဲခတ်တတ်ကြသည်ပဲ။ အထူးသဖြင့် ရွယ်တူတွေလား၊ ကိုယ်တွေထက် တစ်တန်းကြီးသော ဆယ်တန်း ကျောင်းသားတွေလား မသိ၊ ခက်မေအောင်ကို ခပ်ပြုံးပြုံးကြည့်ကာ ရယ်မလို ပြုံးမလို လုပ်နေကြပြန်သည်။ ဘာမှလည်း ထူးထူးထွေထွေ ကြည့်စရာ မရှိဘဲ အကြည့်ခံနေရသည်မို့ တစ်မျိုးတော့ တစ်မျိုးကြီးပင်။ အမှန်ဆို သူတို့ ကြည့်ရမှာ မိ ကို ဖြစ်သည်။ ဒီလောက် အလှပဂေးနှင့် တွဲသွားနေသည်ကို အလှလေး ကို မကြည့်ကြဘဲ သူမကိုသာ ကြည့်နေကြသည်မို့ နားကိုမလည်။ မိက သူမ ခံစားမှုကို အကဲခတ်မိပုံရသည်။

'နင်က အသစ်ဆိုတော့ ကြည့်ကြတာပေါ့' ဟု ဆို၏။ မိစကားအရ ဆိုလျှင်တော့ ပောင်းဖို့ကို စောင့်ရဦးမည်ထင်သည်။ ဒါဆိုလျှင်တော့ ဒီလို အကြည့်မခံရတော့ဘူး ထင်ပါရဲ့။

နောက်တော့ မိက သူမကို ကျောင်းတစ်ပတ်လိုက်ပြသည်။ ကျောင်း နောက်ဘက်က ကြာကန်ကြီး အရောက်မှာတော့ ကန်နှင့်အနီးစပ်ဆုံးထိ ကြည့်လိုက်ချင်သည်ကို မိ က တွန့်ဆုတ်တွန့်ဆုတ်လုပ်ကာ 'မသွားနဲ့ လူစား


mgyoe.com

mgyoe.com SAMPLE BOOK

တယ်'ဟု ပြောရင်း အတင်းပင် လက်ဆွဲပြန်ခေါ်နေတော့သည်။ ထိုစကားကို သူမကတော့ ရယ်စရာ ဟာသတစ်ခုကို ကြားလိုက်ရသလို ရယ်ချလိုက်မိကာ ဒါမျိုးကို ယုံစရာလားဟု ပြောရင်း မိ ကိုလည်း အံ့သြနေမိတော့သည်။ ခက်မေအောင်၏ ရယ်ချင်ပက်ကျိ မျက်နှာကို မိက တည်တည်လေးကြည့်ရင်း 'နင် မယုံချင်လည်း နေလေ၊ ငါက မယုံလို့ မရဘူး၊ ငါက ဒီလိုနေရာတွေ သွားလို့ မရဘူး၊ သိုက်က ပြန်ခေါ်လိမ့်မယ်' ဟု ပြောကာ သူမကိုပင် မစောင့်တော့ဘဲ ချာခနဲ လှည့်ထွက်သွားချိန် အံ့သြလွန်း၍ သူနောက်ကပင် ချက်ချင်း ပြေး မလိုက်နိုင်ခဲ့။ မိ ဒီလောက်လှတာ ဥစ္စာစောင့် ဖြစ်နေလို့လားဟု တွေးရင်း ငါက ဥစ္စာစောင့်နဲ့ သူငယ်ချင်း ဖြစ်နေတာလား ဆက်တွေးလိုက်မိပြန်တော့ ကျောထဲ ကတောင် စိမ့်ချင်လာတော့သည်။

နောက်တော့မှ အူယားဖားယား အမီလိုက်ခဲ့ရင်း ထိုအကြောင်းကို ဆက်မေးချင်ကာ မိ မျက်နှာကို တကြည့်ကြည့် လုပ်နေမိတော့သည်။ သို့သော် ခက်မေအောင် မေးချိန်မရလိုက်ပါ။ ကျောင်းတက်ခေါင်းလောင်း တီးပြီမို့မိက ရှေ့ကသွက်သွက် ပြေးလေသည်။ နောက်က သူမက အမီလိုက်ရင်း စိမ်ပြေး တမ်း ကစားသလိုဖြစ်ကာ သူမတို့ အတန်းရှေ့ပြန်ရောက်ဖို့ တမောကြီးကို ပြေးခဲ့ရတာ ဖြစ်သည်။ ပြေးနေရင်း မိကို အမီလိုက်ဖို့သာ စိတ်စောနေမိသော ခက်မေအောင်တစ်ယောက် ကော်ရစ်တာ အကွေ့တစ်ခုမှာ အင့်ကနဲနေအောင် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိတော့သည်။

'ဆောရီး'

'ဆောရီး'

သူရောကိုယ်ပါ အပြန်အလှန် ဆောရီးလိုက်ကြရင်း အမောတကော ဖြစ်နေသော ခက်မေအောင်ကို တိုက်မိသော ကျောင်းသားက ရယ်မော ကြည့်ကာ 'အတန်းက ထွက်မပြေးပါဘူးဟာ၊ နင် ဒီဘက်က ဆင်းသွား၊ ငါတို့ အတန်းကို ရောက်တယ်'ဟု အကြံပေးနေသေး၏။ ဒါဆို ဒီကောင်လေးသည် အတန်းထဲက ကျောင်းသားပေပေါ့။ ခက်မေအောင် သိလိုက်ပြီ။ မိ ပြေးသည့် အတိုင်း လိုက်စရာမလိုတော့။ နောက်ထပ် လမ်းတစ်လမ်းကိုသိပြီမို့ ထိုလမ်း အတိုင်း ဒုန်းချပြေးသည်။ ကိုယ့်ခုံ ကိုယ်ပြန်ရောက်ချိန်မှာ ချွေးတွေရွှဲနေသော နှစ်ဦးသား တစ်ဦးမျက်နှာတစ်ဦး ကြည့်ရယ်မိရင်း ခက်မေအောင် ဘာရယ်


mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ် နောက်ကို လှည့်ကြည့်မိသည်။ ခုနင်က တိုက်မိခဲ့သော ကျောင်းသားက သူ့ကို ရှာနေသည်ကို သိသည့်အလား နံရံကို မှီကပ်ထိုင်ကာ နောက်ဆုံး တန်းခုံ၏ ရှေ့တစ်တန်းမှနေပြီး လက်ပြလေသည်။ ခက်မေအောင် ချွေးများကို သုတ်ရင်း ပြုံးပြမိလား မပြမိလားတောင် မကွဲပြားလိုက်ချိန် ဆရာမ အတန်း တွင်းသို့ ဝင်လာတော့သည်။ အားလုံး၏ 'မင်္ဂလာပါ ဆရာမ' ဆိုသော အသံက မုန့်စားဆင်းပြီးခါစ အချိန်မို့လား မသိ ကျယ်လောင် အားရှိလှပါဘိ။

ထိုဥစ္စာစောင့်ကိစ္စက ကျောင်းမှာတင် မပြီးခဲ့ပါ။ အိမ်အထိ ပါလာကာ သူမ နှုတ်ဖျားမှ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေချိန်မှာတော့ ဘွားဘွား တို့ ညီအစ်မ ခေါင်းစားကုန်တော့သည်။ ဘယ်သူလဲ ပြန်မေးနေကြသည်မို့ ခက်မေအောင်က မိ ဟု အမည်ကို ပြောပြသော်လည်း ဘွားဘွားတို့က မသိချေ။ ဘယ်အပိုင်းကလဲဟုပင် ထပ်မေးနေကြသေးသည်မို့ မြို့သာယာ၏ အပိုင်း အခြားများကို တောင်ပိုင်းနှင့် မြောက်ပိုင်းသာ ခွဲခြားသိသေးသော သူမက မဖြေတတ်ပြန်။ မိကို ဘယ်အပိုင်းမှာ နေတာလဲဟု သူမ မမေးမိခဲ့။ မေးစရာ မေးခွန်းလို့တောင် မထင်မိပေ။ ဘယ်သူ့ သားသမီးလဲ ဆိုတာတော့ ပိုဆိုးသည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ခါစ အချိန်မှာ 'နင့်အဖေအမေက ဘယ်သူလဲ' လို့ မေးရိုး ထုံးစံ ရှိလို့လား။ ထိုမေးခွန်းက တော်တော်ဝွကျသော မေးခွန်းဖြစ်လေသည်။ သို့နှင့် မုန့်လုံးစက္ကူကပ်ကာ ခက်မေအောင်၏ ဥစ္စာစောင့် မေးခွန်းမှာ အဖြေ မရှိဘဲ ရှာလည်နေခဲ့တော့သည်။ ဘွားဘွားတို့ မသိတာကိုပင် စိတ်တိုချင်ချင် ဖြစ်သော သူမက 'ဘွားဘွားတို့ကလဲ၊ ဒီလောက် ချောတာကို မသိဘူးလား၊ တစ်မြို့လုံးမှာ သူအချောဆုံးနေမှာ' ဟုပင် ကွန့်လိုက်သေး၏။

ခက်မေအောင် စကားကို ဘွားဘွားလေးက သဘောကျသလိုဟန်ဖြင့် 'ဟုတ်လို့လား၊ ဘွားလေး မျက်လုံးထဲတော့ ငါ့မြေးကို မီမယ် မထင်ပါဘူး' ဆိုလေသည်။ ဘွားဘွားကြီးကလည်း ထိုစကားကို အကြားမှာ ကွမ်းယာနေ ရင်းမှ 'မြင့်အောင် တစ်ယောက်တည်းနဲ့တူရင် ငါ့မြေးဒီလောက် လှမှာ မဟုတ် ဘူး၊ အခုက ငါ့မြေးက အဖေရော အမေရော အလှတွေ အကုန်စု ယူထားတာ' ဟု စိတ်လိုလက်ရ ထောက်ခံနေပြန်သည်။ အဘွားနှစ်ယောက် စကားမှာ ခက်မေအောင် ဥစ္စာစောင့်ကို မေ့သွားကာ မှန်ထကြည့်ဖြစ်သည်။

ကြည့်စရာမှန်ကလည်း အဝတ်ဗီရိုမှာပါသည့် ဖုန်များ၊ သနပ်ခါးများ


mgyoe.com

mgyoe.com SAMPLE BOOK

ပေနေသော မှန်သာရှိလေသည်။ အိမ်တွင်းကလည်း ခပ်မှောင်မှောင်မို့ကိုယ့်ပုံကို စိတ်တိုင်းကျ မမြင်ရ။ ဂါဝန်အနားဖြင့် ကုန်းပွတ်ကာ မှန်ကိုကြည်အောင်လုပ်လျက် အတင်းပြူးပြဲကာ မှန်ထဲ ကြည့်မိသည်။ မှန်ထဲမှာတော့ ဆံပင်တိုဖောင်းဖောင်း ၊ မျက်နှာဝိုင်းနှင့် သိပ်မထူးဆန်းလှသော မျက်နှာတစ်ခုကိုသာ တွေ့နေမြင်နေကြအတိုင်း တွေ့ခဲ့ရတာပင်။ သို့သော် မျက်လုံးလေးကတော့ ခပ်မှောင်မှောင်မှာပင် လှနေသလားရယ်လို့။ ခက်မေအောင်ဘဝမှာ တော်တော်များများ ကြားရသည့် စကားမှာ မျက်လုံးလေး လှလိုက်တာ ဆိုသော စကားဖြစ်လေသည်။ ကြားရဖန် များလာတော့လည်း မျက်လုံးလှတယ် ဆိုတာဘာဆိုတာကို သေချာမသိသော်ငြား ကိုယ့်ကိုယ်ကိုယ် မျက်လုံးလှသည်ဟုတကယ်ပင် ယုံကြည်မိလိုက်တော့သည်။ အခုလည်း မှန်နားကပ်ကာ မျက်လုံးကို အနီးကပ် ကြည့်နေမိပြန်သည်။

ကိုယ်ကတော့ ကိုယ်အာရုံနှင့်ကိုယ် လုပ်ချင်တာ လုပ်နေသော်လည်း နောက်နားဆီမှ ရယ်သံကြားမှ ခက်မေအောင် သတိဝင်သည်။ ဘွားဘွားတို့နှစ်ယောက် သူမကို ကြည့်ကာ ရယ်မောနေကြလေပြီ။ ခက်မေအောင် ရှက်ရယ်လိုက်ရယ်ရင်း 'မျက်လုံးလေးပဲ လှတာပါ' ဟု ခပ်ချွဲချွဲဟန်ဖြင့် ပြောမိသည်။ ထိုစကားကိုပင် ရယ်စရာသဖွယ် 'မျက်လုံးလေးပဲ လှတာတဲ့နော်' ဟု ပြောကာ ထပ်ရယ်ကြပြန်သည်။ ဒီတစ်ခါတော့ ခက်မေအောင် တကယ်ရှက်သွားမိပြီ။ အတင်းပင် ဘွားဘွားကြီးကို ပြေးဖက်ကာ ရင်ခွင်တွင်း မျက်နှာမှီအပ်တိုးဝင်မိရင်း ဘွားဘွားကြီး အကြိုက်ရသော ချွေးမွှေးနံ့လေးကို တရှိုက်မက်မက် ရှူကာ အရှက်ပြေ မျက်နှာဝှက်ထားမိသည်။ သနပ်ခါးနံ့၊ နံ့သာဖြူနံ့၊ ကွမ်းမွှေးနံ့၊ ချွေးနံ့လေးများရောကာ ဘွားဘွားကြီးကိုယ်မှ ထွက်သော ချွေးမွှေးနံ့လေးကို ခက်မေအောင် နှစ်သက်လှပါသည်။

ဒီနေ့ ကျောင်းသစ်၊ သူငယ်ချင်းသစ်၊ ပတ်ဝန်းကျင်အသစ်တွေမှာ စိတ်မောလူမော လုပ်ခဲ့တာ များသွားသည်ထင့်။ ဘွားဘွားကြီး ရင်ခွင်တွင်း ဇိမ်ကျကာ မျက်လုံးတို့က အလိုလို မှေးစင်းလာသည်။ ဘွားဘွား၏ စည်းချက်ကျ ပုတ်ပေးနေသော လက်အစုံက ပခုံးကို ညင်ညင်သာသာ ထိတွေ့လာချိန်မှာတော့ ခဏအတွင်းမှာပင် နှစ်ခြိုက်စွာ အိပ်မောကျခြင်း အတိကို ရောက်လေတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မိုးတစိမ့်စိမ့် မနက်ခင်းမှာ ကျောင်းသွားချင်စရာ မကောင်းအောင် ညို့မှိုင်းနေသည်။ ဝုန်းဒိုင်းကြဲရွာတာ မဟုတ်ပါဘဲ ဒီလိုတဖွဲဖွဲ ရွာနေသော မိုးမျိုးကို ခက်မေအောင် မုန်းသည်။ ပျင်းစရာကောင်းသည်ဟု ထင်၏။ ရန်ကုန်မှာဆို ကျောင်းတက်ဖြစ်မှာ မဟုတ်တာ သေချာသည်။

ယခုတော့ ကျောင်းအသစ်မှာ ကျောင်းသူအသစ်က အပျင်းထူသည်ဟု အထင်မခံချင်။ သွားတော့ သွားမှပါပဲဟု တွေးရင်း ပျင်းပျင်းနှင့်ပင် အိပ်ရာထဲ နှပ်နေမိသည်။

တစ်အိမ်လုံးလည်း သူမ တစ်ဦးတည်းသာ ရှိလေသည်။ ဘွားဘွားတို့ ညီအစ်မနှစ်ယောက်လုံးက ဈေးထွက်သွားကြပြီ ဖြစ်၏။ မြို့သာယာ၏ တစ်ခုတည်းသော မြို့မဈေးထဲမှာ ပရဆေးအရောင်းဆိုင်ဖွင့်သော ဘွားဘွားတို့ ညီအစ်မက ဖွဲ့ကောင်းလှသည်။ မနက်ခင်း လေးနာရီလောက်ကတည်းက အိပ်ရာထဲကာ တချွတ်ချွတ်နှင့် လှုပ်ရှားနေသံများ ခက်မေအောင် ကြားနေရသည်။ ဘွားဘွားလေး၏ သနပ်ခါးသွေးသံ တရှဲရှဲနှင့်အတူ သနပ်ခါးသွေးလိုက်တိုင်း ထိခတ်အသံ မြည်နေသော ကြံဆစ်လက်ကောက်သံ တချွင်ချွင်က အစ၊ ဘွားဘွားကြီး ဘုရားဆွမ်းတော် ကပ်နေသော အသံအဆုံး မျက်လုံးမဖွင့်ပါဘဲ ကြားနေမိသည်။ နောက်တော့ ဘွားဘွားကြီးက ခက်မေအောင်ကို အိပ်ရာလာနှိုးရင်း စားဖို့ဘာတွေ ရှိတယ် ဆိုတာကို ပြောပြကာ အိမ်တံခါး ထပိတ်ခိုင်းလျက် ညီအစ်မနှစ်ယောက်သား ဈေးသို့ ထွက်သွားကြတော့တာပင်။

တံခါးပိတ်ရင်းက ဘွားဘွားတို့ ညီအစ်မနှစ်ယောက် ဈေးထွက်သွားပုံကို ခက်မေအောင် သံဆန်ခါကွက်များကြားမှ ငေးကြည့်ကျန်ရစ်သည်။ ဘွားဘွားကြီးက ခမောက်ပြန့်ကြီးကို ဆောင်းကာ ဘွားဘွားလေးကတော့ ထီးမည်းကြီးကို ဆောင်းပြီး ခမောက်ဆောင်းထားသော အစ်မဖြစ်သူကိုလည်း စိတ်မချစွာ ရသလောက် ထီးမိုးပေးလျက် လက်က ခြင်းတောင်းတစ်လုံးကို ကိုင်ဆွဲသွားလေသည်။ ထိုခြင်းတောင်းထဲတွင် ချမ်းလျှင်ဝတ်ဖို့ အပေါ်ထပ်အင်္ကျီပါမည်။ ပိုက်ဆံထည့်ရန် သစ်သားသေတ္တာလေး ပါမည်။ ထိုအသုံး


mgyoe.com

mgyoe.com
SAMPLE BOOK
အဆောင်များသည် သူတို့ညီအစ်မ နှစ်ယောက်၏ မပြောင်းမလဲ နေ့စဉ်အသုံး အဆောင်များသာ ဖြစ်သည်။

နွေရာသီဆိုလျှင်တော့ ထိုခြင်းတောင်းထဲတွင် ညီအစ်မ နှစ်ယောက်၏ အပေါ်ထပ်အင်္ကျီအစား ယပ်တောင်တစ်ချောင်း ပြောင်းလဲ ထည့်သွားတတ်လေသည်။ အချိန်ကို ကြည့်လိုက်ချိန် စောသေးသည်မို့သံဆန်ခါ တံခါးကိုသာ ပိတ်ကာ ပြန်အိပ်ဖို့ ပြင်မိသည်။ ဘွားဘွားတို့အိမ်၏ တံခါးများက အထပ်ထပ် နိုင်လွန်းသည်။ အပြင်က ဝင်လာမည်ဆိုလျှင် ပထမဆုံး တံခါးက ခြံဝင်းတံခါး၊ ထိုတံခါးကို ကျော်ဖြတ်ပြီး အိမ်ရှေ့ရောက်လျှင် သံဆန်ခါတံခါး၊ ထိုတံခါးကို ကျော်ဖြတ်ပြီးလျှင် အိမ်ကြီး၏ ပင်မတံခါး အစစ်ဖြစ်သည့် မဟာတံခါးတော်ကြီးဟု အမည်ပေးထားသော တံခါးကြီးကို တွေ့ရမည် ဖြစ်သည်။

ထိုမဟာတံခါးတော်ကြီးကို လူအဲကူမပါဘဲ အိမ်တွင်းက ပြန်မပိတ်တတ်။ ခေါက်ချိုးတံခါးများကို စေ့စေ့စပ်စပ်ပိတ်ရကာ ညီပြီဆိုမှ အလွန်လေးလံသော သစ်သားမင်းတုံး ရှည်ရှည်ကြီးထိုးလျက် ဘယ်ညာမိအောင် ပိတ်ရသည့် ဒီတံခါးကြီးမှာ ခက်မေအောင်နှင့်တော့ အဆင်ကိုမပြေ။ သစ်သားချောင်းကြီးကိုလည်း နိုင်အောင် 'မ'မနိုင်။ အီးအဲမြည်အောင် 'မ' နိုင်ပြီ ဆိုပါကလည်း ဟိုဘက်ဒီဘက်ကို ခွင်ကျအောင် မထိုးနိုင်ပြန်။ သူမ ဒီတံခါး ပိတ်တိုင်း ဘွားဘွားတို့ အူတက်နေအောင် ရယ်ကြမြဲ ဖြစ်လေ၏။

နောက်တော့ သူမက လူလည်ကျကာ ဘွားဘွားတို့ ပိတ်မှသာ ဟိုဘက်က 'မ'သလို၊ ဒီဘက် က 'မ'သလို အယောင်ပြလျက် တံခါးပိတ်တတ်သယောင် ဟန်လုပ်တတ်လာသည်။ ထိုပင်မ သစ်သားတံခါးကြီးမှာလည်း အိပ်ချိန်မှသာ အတွင်းက ပိတ်ထားတတ်တာဖြစ်ပြီး တစ်နေ့လုံးလိုလို ဖွင့်ထားတတ်မြဲမို့ယခုလည်း ဒီအတိုင်းသာ ထားလျက် အပြင်ဘက်က သံဆန်ခါတံခါးကိုသာ ပိတ်ကာ အိပ်ရာထဲ ပြန်နှပ်နေဖြစ်သည်။

အိပ်ရာထဲ လူးလိမ့်နေရင်းမှ ဒီအချိန် မေမေ ဘာလုပ်နေမလဲ ဆိုတာကို တွေးကြည့်ဖြစ်သည်။ ဖေဖေအလုပ်ပြောင်းရာ နယ်ပယ်သစ်ကို လိုက်သွားသော မေမေသည်လည်း သူမလိုပင် အသစ်တွေ ကြားထဲမှာ နေသားကျအောင် နေနေလိမ့်မည် ထင်သည်။ တကယ်တော့ ခက်မေအောင် အတွက် နေသားကျမှု ဆိုသည်က မေမေနှင့်ယှဉ်လျှင် အသေးအဖွဲသာ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လိမ့်မည်။ မြို့သာယာသည် ခက်မေအောင်တို့ မိသားစုတစ်စုလုံး နွေရာသီတိုင်းလို လာလည်ဖြစ်သော မြို့တစ်မြို့။ ဖေဖေ့ဇာတိမြို့ ဖြစ်သည့်အပြင် ဘွားဘွားတို့လည်း ရှိနေသေးသည်မို့ တာဝန်အရရော အလွမ်းပြေ အဖြစ်ပါ ဖေဖေက တစ်နှစ်တစ်ခါ လာလည်ရမည့် မြို့အဖြစ် သတ်မှတ်ထားသည်မို့ မြို့သာယာနှင့် ဘွားဘွားတို့ အိမ်ကြီးမှာ ခက်မေအောင်အတွက် နယ်ပယ်စိမ်းသက်သက် မဟုတ်ခဲ့ပါ။ သို့သော်လည်း လာလည်တိုင်း နေသည့်ရက်က တစ်ပတ်ဆိုသည်မှာ အကြာဆုံး အချိန်မို့များသောအားဖြင့်တော့ အိမ်ထဲမှာသာ ဘွားဘွားတို့နှင့် အလွမ်းသယ်ရင်း ဘွားဘွားတို့ လုပ်ကျွေးသော အစားမျိုးစုံ၊ မုန့်မျိုးစုံကို လိမ့်ပိန့်စားရင်း အချိန်ကုန်ဖြစ်တာ များလေသည်။ ဖေဖေကတော့ ညနေဆို စက်ဘီးဆွဲကာ သူ့ ငယ်သူငယ်ချင်းများနှင့် တွေ့ဖို့ ထွက်ထွက်သွားတတ်လေသည်။ ဒီလိုအချိန်များဆို ဖေဖေ့ပုံစံမှာ လူငယ်လေးတစ်ဦးလို သွက်လက်ပေါ့ပါးလို့ရယ်။

မဖြစ် မဖြစ်။ သူမ ပျင်းနေလို့ မဖြစ်တော့။ ကျောင်းတက်ဖို့ ပြင်ရတော့မည်။ အီးကနဲ ပျင်းကြောရှည်တစ်ချက် ဆွဲဆန့်ကာ အိပ်ရာက ခုန်ထရင်း လုပ်စရာ ရှိတာများကို သွက်သွက်လက်လက်လုပ်ရင်း ကျောင်းကို လမ်းလျှောက်သွားရင် ကောင်းမည်လား၊ ဆိုက်ကားငှားသွားရင် ကောင်းမည်လား စဉ်းစားနေဖြစ်သည်။ ကျောင်းအပ်စဉ် အခါကရော ပထမဆုံး ကျောင်းတက်ရက်မှာ ဘွားဘွားလေး လိုက်ပို့စဉ် အခါကရော ဆိုက်ကားနှင့် သွားခဲ့ကြတာပင်။

ဆိုက်ကားကို နောက်ခုံကထိုင်ကာ အလိုက်သင့် လိုက်သွားရစဉ်က မျက်နှာကြီး ပြောင်နေသည်ဟု မခံစားရ။ အခုတစ်ယောက်တည်း သွားရတော့မည့်အချိန် ဆိုက်ကားစီးသွားရမည့် အဖြစ်ကို ပြောင်ပြောင်ကြီး ဖြစ်နေမည်ဟု ခံစားလိုက်မိသည်မှာ ဘာကြောင့်မှန်း မသိ။ ပြောင်ပြောင်ကြီး မဖြစ်ချင်လျှင် ခြေလျင်သွားပေါ့။ ကိုယ့်ဘာသာပင် အားပေးလိုက်ရင်း အိမ်ပေါ်က ဆင်းလိုက်သည်။ တော်သေးသည်။ အိမ်ပေါ်က အဆင်းမှာပင် တဖွဲဖွဲ ရွာနေသော မိုးက တိတ်သွားသည်မို့ ထုတ်ထားသော ထီးကို အိတ်ထဲပြန်ထည့်လိုက်၏။ လေးလံစွာ တွဲကျနေသော လွယ်အိတ်ကို ပင့်မြောက်လိုက်ချိန်မှာပင် မျက်လုံးက အုတ်ကန့်မထောင့်က မာလကာပင်ကို တန်းကနဲနေအောင် မြင်လေသည်။ ဟား... ဝင်းရောင်သမ်းနေပြီဖြစ်သော မာလကာသီးကြီး၊ ခြေဖျားထောက်


mgyoe.com

mgyoe.com SAMPLE BOOK

ခူးလိုက်လျှင်ကို မီလုမီခင် အနေအထားမို့ ကြိုးစားပမ်းစား အားထုတ်ခူးနေချိန် စက်ဘီး ဘဲလ်သံ ကလင်ကလင်က ခြံဝဆီမှ ထွက်လာသည်။ ကြည့်လိုက်မိတော့ မိနှင့် ကောင်လေးတစ်ဦး စက်ဘီးတစ်ယောက် တစ်စီးစီဖြင့် ခြံဝမှာ ရပ်နေကြလေသည်။

ဟေး လို့တောင် ပြန်မနှုတ်ဆက်လိုက်ရ။ 'ငါတို့လည်း ခူးမယ်' ဟု ဆိုကာ စက်ဘီးနှစ်စီးလုံးကို ခြံပြင်မှာပင်ရပ်လျက် မိနှင့် ကောင်လေးတို့ ခြံထဲ ပိုင်ပိုင်နိုင်နိုင် ဝင်လာကြသည်။ ခက်မေအောင်ပင် ညွှန်ပြစရာ မလိုအောင် သူတို့ ဘာသာ ဘယ်အသီး မှည့်ရောင်သမ်းလဲ ရှာဖွေလျက် စိတ်ကြိုက်ခူးကြလေတော့သည်။ တကယ်ဆို သူတို့မမြင်သော မှည့်ရောင်သမ်း အသီးကြီးတစ်လုံးကို ခက်မေအောင် မြင်နေသည်။ တမင်ပင် မပြောဘဲ နေလိုက်၏။ ဒီအသီးသည် ခက်မေအောင်အတွက် ညနေပိုင်း အချိုတည်းစရာအသီး ဖြစ်သည်မို့ မတွေ့ပါစေနဲ့တောင် စိတ်ထဲ ဆုတောင်းနေလိုက်သေးသည်။ တကယ်လည်း သူတို့ မတွေ့ကြပါ။ တစ်ယောက်တစ်လုံး ဝေစုရသွားချိန်မှာတော့ 'သွားကြမယ်၊ နင်က ငါ့စက်ဘီးနဲ့လိုက်' ဟု ပြောရင်း မိက ဦးဆောင်ထွက်သွားလေတော့သည်။

ထိုတော့မှပင် ကိုယ့်ကို ကျောင်းတက်ဖို့ လာခေါ်မှန်းသိလိုက်ကာ ခုန အသီးကြီးကိုပင် ပြေးခူးပေးချင်မိသည့်အထိ ခက်မေအောင် စိတ်ကောင်းတွေရှိ၊ ပျော်ရွှင်သွားလိုက်သည်မှာ မပြောပါနှင့်တော့။ မိ ဘယ်လိုများ သူမအိမ်ကို သိလဲ မေးလိုက်ချင်သော်လည်း ထိုမေးခွန်းကို မမေးအားသေး။ မိက သူ့စက်ဘီး အရှိန်ရတော့မှ ခက်မေအောင်ကို ပြေးတက်လိုက်ဟု ခိုင်းနေလေသည်။ ကိုယ်တွေကလည်း စက်ဘီးကို ရပ်နေစဉ်မှာသာ တက်တတ်သည်၊ ပြေးမတက်တတ်။ နှစ်ယောက်သား အခက်တွေ့နေချိန်မှာပဲ မိ နှင့် အတူပါလာသော ကောင်လေးက စက်ဘီးကို ကိုင်ပေးရင်း တစ်ယောက်က နောက်က တက်ထိုင်၊ နောက်တစ်ယောက်ကနင်းဟု ဟန်ချက်ညီအောင် လုပ်ပေးလျက် အဆင်ပြေမှ သူက အရှိန်ရအောင် တွန်းလွှတ်ပေးလိုက်သည်မို့ သူမတို့ စက်ဘီးလေး ချောကနဲ ထွက်နိုင်ခဲ့တော့သည်။ နှစ်ယောက်သား ဟေးခနဲ အော်ကာ ပျော်သွားကြရင်း ဟီးဟီးဟားဟား သဘောတွေ ကျလိုက်သမှ။

နောက်က ကောင်လေးကလည်း ခက်မေအောင်တို့ အပျော်ကူးသွားသည့်ထင့်။ ခူးလာသော မာလကာသီးကို ရေမဆေး ဘာမဆေး အကျႌဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချက် ပွတ်သုတ်ကာ တကြွပ်ကြွပ် ကိုက်ဝါးစားရင်း ပြုံးပြုံး ပြုံးပြုံးဖြင့် စက်ဘီးကို နင်းလာလေသည်။ ထိုတော့မှ ထိုကောင်လေး ဘယ်သူလဲ မေးဖို့ သတိရကာ ခါးဆန့်ထိုင်လျက် မိ နားနားသို့ ကပ်ကာ မေးဖြစ်လိုက်သည်။ အကျင့်ပုပ် မိက သူပြန်ဖြေလျှင် ရလျက်သားနှင့်ကို 'ဟဲ့ နင့်ကို ဘယ်သူလဲတဲ့ မေးနေတယ် ဒီမှာ' ဟု အကျယ်ကြီး အော်ပြောလေတော့သည်။

ကောင်လေးက ပြုံးစိစိဖြင့်ကြည့်ကာ 'မာလကာသီး နောက်တစ်လုံး ကျွေးရင်ပြောမယ်' ဟု ခက်မေအောင် လက်ထဲကအသီးကို မျက်စပစ်ပြရင်း ပြန်နောက်ချိန် ခက်မေအောင် စိတ်တိုသလို ဖြစ်သွားကာ မျက်စောင်းသာ ထိုးလျက် လက်ထဲက မာလကာသီးကို သူ မမြင်အောင် လက်ပြောင်းကိုင် လိုက်မိ၏။ ကောင်လေးမှာ ခက်မေအောင် လုပ်ရပ်ကိုမြင်ချိန် 'ကပ်စေးကလည်း နည်းလိုက်တာဟာ' ဟု ပြောလည်းပြော၊ ရယ်လည်းရယ်ရင်း စက်ဘီးကို အရှိန် မြှင့်နင်းလျက် တရှိန်ထိုး ရှေ့ကနင်းတက်သွားတော့သည်။ ထိုတော့မှ မိ ကျောကုန်းကို ခက်မေအောင် တဖတ်ဖတ်နှင့် ရိုက်ချလိုက်မိတော့သည်။

'ဟဲ့ နာတယ်၊ နင်ပဲ သူဘယ်သူလဲဆို၊ ကာယကံရှင် ဖြေနိုင်အောင် ငါက အကောင်းနဲ့ မေးပေးရသေးတယ်' ဟု ဆိုချိန် ခက်မေအောင် စိတ်တိုကာ စကားသံတိတ် နှုတ်ပိတ်ကာသာ နေမိတော့သည်။ ခက်မေအောင် အသံတိတ် သွားပြန်တော့လည်း မိက စိတ်ဆိုးသွားမှာ စိုးပုံရလေသည်။ နောက်ခုံက ကြား လောက်အောင် အသံမြှင့်ကာ အော်ပြောလာသည်။

'အဲဒီဒါ ငါ့အမြွာမောင်လေး ၊ သူ့နာမည်က ညီ'

'ဘာ အမြွာ ဟုတ်လား၊ ရုပ်လည်း မတူဘဲနဲ့၊ နင် ငါ့ကို မနောက်နဲ့နော်'

'ဩော် တကယ်ပြောတာ၊ ငါတို့ ငယ်ငယ်တုန်းကတော့ တူပါတယ် ဟဲ့၊ အခုကြီးလာတော့မှ သိပ်မတူတော့တာ၊ ယောက်ျားလေးနဲ့ မိန်းကလေးကို၊ ဒီလောက်တော့ ရှိမှာပေါ့ '

ခက်မေအောင်မှာ အထူးအဆန်းတစ်ခုကို ကြားလိုက်ရသလို သူလည်း ကိုးတန်းပဲလား၊ ငါတို့နဲ့ တစ်ခန်းတည်းပဲလားဟု ဆက်မေးအံ့ဆဲဆဲ မှာပင် 'နင့်အိမ်က ဘယ်မှာဆိုတာကို သူပြောလို့ ငါသိတာဟ့' ဆိုသော မိ အသံကိုဖြကြား ဘာရယ်မဟုတ် ဆက်မမေးဖြစ်တော့ဘဲ တိတ်တိတ်ကလေး သာ နေမိလေတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မိက စက်ဘီးနင်းတာ တော်တော် ကျွမ်းလေသည်။ နောက်က လူပါ နေသောကြောင့်သာ သူမောင်လေးနောက်ကို အမီမလိုက်နိုင်သော်လည်း သူ နင်းသည့် အရှိန်က တော်တော်မြန်၏။ မိုးရွာထားသောကြောင့် ထင်သည်။ စက်ဘီးအရှိန်ဖြင့် ပါးကို ပွတ်တိုက်နေသည့်လေက အေးမြနေကာ ပါးပြင်များ ပင် ကျဉ်စိမ့်လာတော့သည်။ လေတိုးတာ သက်သာလို သက်သာငြား မိကျော ကုန်းမှာ မျက်နှာကွယ်ကာ မျက်နှာကို အောက်ငိုက်ချလိုက်စဉ် အချိန်မှာပင် စက်ဘီးဖြတ်သန်းရာ မြေသားကို မြင်လိုက်ကာ အားခနဲ အသံကုန် အော်ထည့် လိုက်မိတော့သည်။ အသည်းနှလုံးတွေ ပြောင်းပြန်လန်မတတ် အူယားထိတ် လန့်မှုကို ထိန်းမရတော့။

'ဟဲ့ ခက်မေအောင် ဘာဖြစ်တာလဲ၊ ဘာလဲ'

'အား ကြောက်တယ်၊ ကြောက်စရာကြီး'

'ဘာလဲ ဘာကို ကြောက်တာလဲ၊ ဟဲ့ ငါ့ကို အတင်းဖက်မထားနဲ့လေ'

'မရပ်နဲ့၊ စက်ဘီးမရပ်နဲ့နော်၊ ငါကြောက်တယ် ၊ ကြောက်တယ်'

'ညီ ညီရေ ငါတို့ကို စောင့်ဦး၊ သူဘာဖြစ်လဲ ကြည့်ပေးဦး၊ ငါ ဒီမှာ စက်ဘီးတောင် ယမ်းနေပြီ ဒုက္ခပါပဲ'

သူမ ကြောက်ကြောက်ဖြင့် အတင်းကျုံးဖက်ထားမိသောကြောင့် မိက လန့်ပြီး ငယ်သံပါအောင် အော်သလို သူမ ခြေထောက်များကို ရသမျှ အတင်းကုပ်ကပ် မြှောက်တင်ထားမိသောကြောင့် ဝိတ်မငြိမ်ဖြစ်ကာ စက်ဘီး လက်ကိုင်ကလည်း မငြိမ်တော့ဘဲ လှုပ်ခါနေလေပြီ။ သူ့အစ်မ အသံကြောင့် ထင်သည်။ ညီက စက်ဘီးအရှိန်ကိုလျှော့ကာ မိ စက်ဘီးနှင့် ဘေးချင်း ယှဉ်နင်း လာရင်း-

'ခက်မေအောင် ဘာဖြစ်တာလဲ၊ ဘာဖြစ်နေတာလဲ၊ ငါ့ကိုပြော'

'အောက်မှာ အောက်မှာ အကောင်တွေ၊ အား ကြောက်တယ် ကြောက်တယ်'

ခြေထောက်များကို ရသမျှ ကုပ်ကပ်မြှောက်တင်ရင်း မျက်လုံးစုံမှိတ် ကာ အော်နေသော သူမ အသံနှင့်ဟန်ကြောင့် ညီတစ်ယောက် အောက်ကို ကြည့်လိုက်သည် ထင်၏။ ကျေးဖူးတင်စရာ ကောင်းသည်က ခက်မေအောင် တုန်လှုပ်ချောက်ချားနေသည်ကို ညီ မရယ်လိုက်ခြင်းပင်။ ခက်မေအောင်၏


mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးစုံမှိတ် ပျာတောက်နေသော ဟန်ကလည်း ရယ်ရက်စရာ မရှိအောင် သနားစရာ ကောင်းနေလေသည်လား မသိ။ ခဏအသံ တိတ်သွားပြီးမှ သူ အစ်မကို ကပ်ပြောလေသည်။

'မိ သူ တီကောင်တွေကို ကြောက်နေတာ၊ သူ တစ်ခါမှ မမြင်ဖူးဘူး ထင်တယ်၊ သွားမပြောနဲ့တော့၊ ဒီအတိုင်းသာ မျက်စိမှိတ်ပြီး လိုက်စီးပစေတော့၊ ဟဲ့ ခက်မေအောင် နင် မျက်လုံးဆက်မှိတ်ထား၊ ဘာမှမကြောက်နဲ့၊ အဲဒီဒါ မိုးရွာတိုင်း ဖြစ်နေကြထုံးစံပဲ၊ နင် တစ်မိုးတွင်းလုံး ဒီတီကောင်တွေ တွေ့နေရမှာ၊ မိုးရွာပြီးရင် ဒီကောင်တွေက လမ်းပေါ်မှာ တင်ကျန်နေကျပဲ၊ ငါတို့ကလည်း ဒီလိုပဲ ဖြတ်နင်းနေရတာပဲ'

ဒါဆို ဒီတစ်မိုးတွင်းလုံး ဒီမြင်ကွင်းကို တွေ့ရတော့မှာပေါ့။ အမယ်လေး ကြောက်စရာ အသည်းယားစရာ ကောင်းလိုက်တာ။ ခက်မေအောင်မှာ လမ်းတစ်လျှောက် မြင်နေရသော တီကောင်များ၊ ထိုတီကောင်များပေါ်က ဖြတ်နင်းသွားသော စက်ဘီးများ၊ တွန့်လိမ်ပြတ်ကျန်ခဲ့သော အပိုင်းအစများ၊ အမယ်လေး အူထဲအသည်းထဲက လိမ့်လိမ့်တက်လာပြန်တော့သည်။ ညီ ပြောသလို ကျောင်းရောက်တဲ့အထိ မျက်လုံးမှိတ်ကာ လိုက်သွားတာသာ အကောင်းဆုံးဖြစ်မည် ထင်ပါရဲ့။

ခက်မေအောင် မျက်လုံးကို မှိတ်သည်။ ရိုးရိုး မမှိတ်၊ နဖူးကြောများ မျက်ကြောများ အတင်းဆွဲစုအားယူကာ တင်းတင်းကြီး မှိတ်ထားမိသည်။ ဘယ်လိုမှ ထပ်မမြင်နိုင်အောင် သေချာသထက် သေချာအောင် မှိတ်သည်။ ပြီးတော့ မိ ကျောပြင်ကို ပါးအပ်ကာ ပါးစပ်က ဘုရားစာကို မရပ်မနား ရွတ်သည်။ မြန်မြန်ရွတ်သည်။ စိတ်တွေ ဘယ်မှမရောက်အောင် ဘုရားစာမှာသာ စိတ်ထည့်ကာ တရစပ်ကို ရွတ်နေမိတော့သည်။ သို့သော် နားထဲက ကြားဖြစ်အောင် ကြားလိုက်သေးသည်က မိတို့ မောင်နှမ စကားသံ။

'သူ တကယ်ကြောက်နေတာဟ၊ သနားပါတယ်'

'အေး နောက်ဆို တခြားလမ်းက သွားကြတာပေါ့'

ထိုစကားနှစ်ခွန်းမှာ ခက်မေအောင် ကြွေလေတော့သည်။ ချစ်စရာ ကောင်းသည့် သူငယ်ချင်းများ။ မနေ့က သူငယ်ချင်းတစ်ယောက် ရသည်။ ဒီနေ့ တစ်ယောက်ထပ်ရသည်။ ဒီအမွှာမောင်နှမမှာ တော်တော်ခင်ဖို့


mgyoe.com

mgyoe.com SAMPLE BOOK
ကောင်းသည့် သူငယ်ချင်းများဟု အကြွင်းမဲ့ ယုံလိုက်မိလေတော့သည်။

❑

'ဖြစ်လို့လားအေ' ဆိုသော မေးခွန်းကို ဘွားဘွားကြီးက ဘယ်နှစ်ကြိမ်မှန်း မသိအောင်မေးရင်း စိတ်ဖြောင့်နိုင်ဟန် မတူပေ။ ခက်မေအောင်ကတော့ တက်ကြွတဲ့ကြက်ဖကို ဖြစ်နေတော့တာပင်။ စက်ဘီးကို ဘွားဘွားလေး အကူအညီဖြင့် အိမ်အပေါ်ထပ်မှ သယ်ယူချလာကာ အသစ်စက်စက် စက်ဘီးကို ပြောင်သထက်ပြောင်အောင် ရှိုင်းနေမိတော့သည်။ တကယ်ဆို ခက်မေအောင်ကို စက်ဘီးဝယ်ပေးထားသော်လည်း စက်ဘီးစီး သင်ပေးဖို့ အချိန်မပေးနိုင်ခဲ့သော ဖေဖေ့ကြောင့် စက်ဘီးလေးက အိမ်အပေါ်ထပ်မှာ သိမ်းဆည်းခံထားရခြင်း ဖြစ်တော့သည်။

ဘွားဘွားကြီးကတော့ သူ့သားကို 'သင်မပေးနိုင်ဘဲ ပိုက်ဆံ ဖြုန်းရမလား' ဆိုကာ တဆူဆူ တပူပူ လုပ်လိုက်သေး၏။ ဘယ်လိုကိစ္စမဆို ဘွားဘွားကြီးက ဗျစ်တောက်ဗျစ်တောက်တော့ တော်တော်နိုင်လေသည်။ တကယ်ဆို ဘယ်သူကကော အပိုလုပ်ဝယ်မှာတဲ့လဲနော်။ စက်ဘီးစီး သင်ပေးနိုင်လိမ့်မယ်လို့ ထင်ပြီး ဝယ်ပေးခဲ့တာပဲ ဖြစ်မှာပေါ့။ များပြောင်လှသော ဖေဖေ့ အလုပ်တာဝန်များကြောင့် ဖေဖေတစ်ယောက် သူမကို စက်ဘီးစီး သင်ပေးရလောက်အောင် အချိန်မပေးနိုင်ခဲ့ရှာ။ ခက်မေအောင်ကလည်း ဖေဖေနှင့်မေမေ အလုပ်တွေ ရှုပ်လွန်းနေတာကို ကိုယ်ချင်းစာကာ စက်ဘီးအလွန်စီးတတ်ချင်သော်လည်း အတင်းမတောင်းဆိုဖြစ်ခဲ့။ ဒီလိုနှင့်ပင် ဖေဖေ့ယောက်ျားစီး စက်ဘီးအဟောင်းလေးနှင့် ခက်မေအောင်အတွက် ရည်ရွယ်ဝယ်ပေးခဲ့သော မိန်းမစီးစက်ဘီး


mgyoe.com

လေးမှာ အိမ်ပေါ်ထပ်မှာ အဝတ်ဟောင်းစကြီး ဖုံးအုပ်ကာ နေရရှာခဲ့တာ ဖြစ်သည်။ ခုတော့ သင်ပေးမယ့်သူ ပေါ်လေပြီ။

သောကြာနေ့က ကျောင်းမှာ မုန့်စားဆင်းချိန် စကားပြောနေကြရင်း မိက သူမမှာ စက်ဘီးအသစ်လေး ရှိနေသည်ကို သိသွားလေသည်။ သူမ စက်ဘီးမစီးတတ်ဘူး ဆိုသည်ကိုလည်း အတော်လေး အံ့သြနေဟန်ဖြင့် ကြည့်ရင်း 'အင်းလေ ဘယ်စီးတတ်မလဲ၊ နင်က ရန်ကုန်သူကို' မှတ်ချက်ပေးလိုက်သေး၏။ ခက်မေအောင်လည်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိပါသည်။ ရန်ကုန်မှာ နေစဉ်က ဘယ်သူကမှ ကိုယ့်ကို ရန်ကုန်သူဟု ထူးထူးထွေထွေ မှတ်ချက်မပေးခဲ့ကြသမို့ ထိုစကားမျိုးကို ကြားလည်း မကြားဖူးကာ စိတ်ခံစားမှုလည်း ထူးထူးထွေထွေ မရှိလှ။ အခု ဒီမြို့ရောက်လာမှ ကိုယ့်ကို ဟိုလူက ရန်ကုန်သူ၊ ဒီလူက ရန်ကုန်သူ စသဖြင့် ပြောလာဆိုလာသည့်အခါ တယ်မခံချင်လှပေ။ အထူးသဖြင့် ကိုယ်တွေက ဒီမြို့သူပါပဲဆိုတာ သိစေချင်လှသည်။ တစ်ယောက်ချင်း ပြန်တုံ့ပြန်နေဖို့လည်း မဖြစ်နိုင်သမို့စိတ်ထဲ သိပ်တော့ အဆင်မပြေလှ။ သေချာတာကတော့ မြို့သာယာမှာနေသော မြို့သာယာသူလေးဆိုရင် စက်ဘီး စီးတတ်မှ ဖြစ်မည်။ သူမ စက်ဘီးစီးတတ်ချင်လှသည်။ ထို့ကြောင့်လည်း 'ငါ့ကို စက်ဘီးစီးသင်ပေးပါလားဟင်' ဆိုသော စကားကို တကယ့်ကို ခဲခဲယယပင် မိကို ပြောမိတော့သည်။

ခက်မေအောင် စကားကို အကြားမှာ ပျေင်းမ မိက ချက်ချင်းလိုတောင်းဆိုမှုတစ်ခု ပြုသည်က သူမကို စာစီစာကုံး ရေးပေးရမတဲ့လေ။ တကယ်ဆို ခက်မေအောင် စာစီစာကုံး ရေးရတာ အင်မတန် ပျော်ပါသည်။ သူမအတွက် စာစီစာကုံးတစ်ပုဒ် ရေးဖို့ဆိုသည်မှာ ဘာမှခက်ခဲသော အလုပ်မဟုတ်။ သို့သော် မိက အပေးအယူသဘော လုပ်လာချိန် အမြင်ကပ်သွားကာ ဟော့အေး လုပ်လိုက်ချင်သော်လည်း စက်ဘီးစီးတတ်ချင်သည်က တစ်ပိုင်းသေရုံမက နှစ်ပိုင်းသုံးပိုင်းလောက်ပင် သေနေပြီမို့ 'အေးပါ ရှယ်ရေးပေးမယ်' ဟု သဘောတူလိုက်ရတော့သည်။ ကျောင်းအပြန်လမ်းမှာ မိက သူ့မောင် ညီ့ကို ခက်မေအောင်အား စက်ဘီးစီးသင်ပေးရေးအတွက် အဖော်ညှိတော့သည်။

ပျေင်းမလေး၏မောင် ပျေင်းလေးကလည်း ချက်ချင်းသဘော



mgyoe.com

တူသည်တော့ မဟုတ်။ အင်း အဲနှင့် အပျင်းက တစ်နေပြန်သေးသည်။ လမ်းတစ်လျှောက် မိက ဝေါက်လိုက် ခက်မေအောင်က မျက်စောင်းထိုးလိုက် တစ်ယောက်တစ်ခွန်း ဆူပူကြိမ်းမောင်းလာမှသာ 'အေးပါ အေးပါ' လုပ်ခဲ့တော့တာ ဖြစ်သည်။ သင်ပေးမည့်ရက်ကို ဒီတစ်ပတ်စနေနေ့ဟု သတ်မှတ်လိုက်ပြီးနေရာကတော့ 'ဗညားတို့ အိမ်ဘေးလမ်း' ဟု သတ်မှတ်လိုက်ကြတော့သည်။ ခက်မေအောင် ဗညားကိုလည်း မသိ၊ ဗညားတို့ အိမ်ဘေးလမ်းကို ပို၍မသိ။ သို့သော် ကိစ္စမရှိပါ။ 'မိနှင့် ညီ' ကို သိနေမှတော့ ဗညားကို မသိလည်း ခက်မေအောင် အပူမဟုတ်လှပေ။

'ဖြစ်လို့လား ဟင် မြေး'

'အယ် မမရေ နင်ပြောနေတာ နားငြီးလာပြီဟယ်၊ မဖြစ်တော့ မမဘာလုပ်ပေးနိုင်လို့လဲ၊ အခု သူ့သူငယ်ချင်းတွေ သူ့ကို စက်ဘီးစီး သင်ပေးမယ်လေ၊ ပြီးပြီပေါ့၊ အလကား စိတ်ပူစရာမရှိ စိတ်ပူနေတယ်'

'ဟဲ့ အေးတင်ရဲ့ အဲဒီလို ပြောလို့ရမလား၊ တစ်ခုခုဆို ငါတို့ခေါင်းပေါ် ကျမှာနော်၊ နင် မြင့်အောင် ပါးစပ်လည်း သိတဲ့အတိုင်း'

'မမက မြင့်အောင် အမေ မဟုတ်ဘူးလား၊ သူပါးစပ်ဟတာက မမ အီးပေါက်တာလောက် ကျယ်မလား၊ အပိုတွေ ပြောပြီး ကျောက်ချဉ်ယောင် ဇဝက်သာယောင် ဆောင်ပြန်ပြီ'

ခက်မေအောင် စက်ဘီးကို ပွတ်တိုက်ရင်းမှ တဟားဟား အော်ရယ်မိတော့သည်။ ဘွားဘွားတို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်လျှင် အလွန်ရယ်ရလေသည်။ စကားဆန်းများလည်း ကြားရသည်။ ကလေးတွေလို ဖြစ်တတ်ကြသည်မို့ ရယ်လည်း ရယ်ရလေသည်။ အခုလည်း ပရဆေးရောင်းသည့် သူများဟု မပြောရ။ ကျောက်ချဉ်တွေလည်းပါ ဇဝက်သာတွေလည်း ပါလာလေပြီ။ ညညဆိုလျှင်လည်း ဘွားဘွားတို့ ညီအစ်မကို ကြည့်ကာ ခက်မေအောင် အူတက်နေရလေသည်။ အိမ်ကြီး၏ အောက်ထပ် အလယ်ခန်းမကြီးမှာ ခက်မေအောင်တို့ မြေးအဘွားတွေ တစ်ယောက်အိပ်ခုတင် တစ်လုံးစီဖြင့် အိပ်ကြခြင်း ဖြစ်သည်။ ဘွားဘွားကြီး၏ အကျင့်မှာ အိပ်ရာပေါ် လှဲနေပါလျက်နှင့် မအိပ်မချင်း ဝါးခနဲဝါးခနဲ သမ်းတတ်ခြင်းပင်။ တစ်ချက်နှစ်ချက် သမ်းတာဘာမှ မဟုတ်လောက်သော်လည်း မအိပ်မချင်း တဝါးဝါး အသံပြု သမ်းနေ



mgyoe.com

mgyoe.com

သည်က နည်းနည်းတော့ နားငြီးရလေသည်။ ခက်မေအောင်ကတော့ သည်းခံနိုင်ပါသည်။ ဘွားဘွားလေးကတော့ နည်းနည်းမှ သည်းမခံချင်တော့ဟန်ဖြင့် 'မမရယ် အိပ်ရင်လည်း အိပ်၊ မအိပ်ရင်လည်း ထပြေးလိုက်ပါလား။ ဘယ့်နှယ် ဘေးကလူ သူ့အသံနဲ့ သေဖို့ပဲ ရှိတယ်' ဟု မခံချင်အောင် ပြောတတ်လေသည်။

ဘွားဘွားလေး ပြောပုံအရဆို ဘွားဘွားကြီးမှာ အခုပဲ ထပြေးရတော့မည့်ပုံမို့ လူကြီးတွေ ရန်ဖြစ်နေတာကို ခက်မေအောင် ဝင်လည်း မပါရဲ၊ သူတို့ ကြားအောင်လည်း မရယ်ရဲဘဲ စောင်နှင့် ပါးစပ်ကို နာနာသာ ဖိအုပ်ထားရတော့တာပင်။ ဒီလို အပြောခံရပြီဆို နောက်တစ်ခါ ခံရမည့် အလှည့်မှာ ဘွားဘွားလေး အလှည့်ပင် ဖြစ်သည်။ ဘွားဘွားလေးက အလွန်စကားပြောသူ ဖြစ်သည်။ အိမ်မှာညီအစ်မတွေ မျက်နှာချင်းဆိုင်ပြီဆို တဆာဆာ ပြောနေတတ်သူက ညီမဖြစ်ကာ အစ်မဖြစ်သူက အင်း အဲ လိုက်ရုံနှင့် ပြီးလေသည်။

ည ညဆို ဘွားဘွားလေးက အိပ်ရာပေါ်ရောက်သည်နှင့် ဘုန်းကြီးကျောင်းညနေတရားစခန်းမှ သူနာလာသော တရားများကို စီကာပတ်ကုံး ပြောပြတော့သည်။ နားထောင်ချင်လည်း ထောင်၊ နားမထောင်ချင်လည်း ထောင်ပေရော့ဆိုသော အနေအထားပင်။ ပြောရမည်ဆို စိတ်ကောင်းရှိဖို့သာ အဓိကဟု ခံယူပြီး သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဓလေ့ ထုံးစံများနှင့်သာ ပျော်မွေ့တတ်သော ဘွားဘွားကြီးက ဒီလို တရားတော်တွေနှင့် ဝေးသည် ပြောရမည်။ ဘွားဘွားလေး ပြောသမျှ လိုက်နိုင်တာလည်းပါ မလိုက်နိုင်တာလည်း ပါသမို့ကြာကြာနားထောင်ရလျှင် စိတ်ညစ်တတ်လေသည်။ ထိုအထဲကမှ ဘွားဘွားလေးက တော်ရုံနဲ့မပြီး ဝေ့ဝိုက်နေသည့်အခါ 'တော်တော့ အေးခင်ရယ် နင့်ဟာ ဆိတ်ချေးတစ်ပြည် ဝင်မယ့်ပါးစပ်ပဲ' ဟု ပြောထည့်လိုက်ပါက ညီအစ်မတွေ ဖြစ်ကြပြန်ပြီပေါ့ တစ်ပွဲတစ်လမ်းဟု ဆိုရမည်သာ။ လိုက်လည်း လိုက်သည့် ညီအစ်မဟု ခေါ်ရမည်။ တည့်တာလည်း နည်းနည်းမှ မတည့်။ တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရဘဲလည်း မနေနိုင်ကြပေ။ ယခုလည်း ခက်မေအောင် စက်ဘီးစီးသင်မည့် ကိစ္စနှင့် ပတ်သက်ပြီး အေးတင်ရဲ့ အေးခင်ရဲ့နှင့် နှစ်ယောက်သား အငြင်းအခုံ ဖြစ်နေကြပြီ။

ဘွားဘွားကြီးက ကျောက်ရေစည်ပိုင်းနားမှာ ဘုရားပန်းအိုးများ လဲရင်းက မပြီးနိုင် မစီးနိုင်နှင့် ဖြစ်ပုံမလား ဆိုတာကို ကျော့နေသည်။ ဘွားဘွား


mgyoe.com

mgyoe.com

လေးက ခက်မေအောင်ကို စက်ဘီးလိုအပ်တာများ ကြည့်ပေးရင်းနှင့် ခပ်တိုးတိုး ကျိတ်မှာနေသည်။ 'သူပြောတာ မကြားချင်ယောင်သာ ဆောင်နေ' ဆိုပါလား။ ခက်မေအောင်စိတ်ထဲ မိတို့မောင်နှမ မြန်မြန်လာခေါ်ပါစေသာ ဆုတောင်း နေမိတော့သည်။

'ကလင် ကလင်'

ဟော... ဘဲလ်သံနှင့်အတူ မိနှင့်ညီ ခြံဝကို ရောက်လာကြလေပြီ။ တစ်ယောက်က ခက်မေအောင် စက်ဘီးကို နင်းသွားဖို့ မနေ့ကတည်းက ချိန်းလာ ပြီးသားမို့ သူတို့စက်ဘီးတစ်စီးသာ ယူလာကြသည်။ မိနှင့် ညီက ခြံတွင်းဝင်လာ ကာ အနားရောက်လာချိန် ဘွားဘွားကြီးက သိချင်နေသော မေးခွန်းကို မေးလေတော့၏။

'ကလေးတို့က ဘယ်အပိုင်းကလဲ၊ ဘယ်သူ့သားသမီးတွေလဲကွဲ့'

'သမီးတို့က နေခြည်တိုက်လမ်းကပါ ဘွားဘွား၊ ဟို သမီးတို့ စက်ဘီး ဆိုင် ဖွင့်တယ်လေ၊ ဘွားဘွားတို့ သိလား မသိဘူး၊ ဖေဖေကတော့ ဘဏ်မှာ လုပ်ပါတယ်'

'သြော် အေး အေး' ဟု ဘွားဘွားကြီးက ဇဝေဇဝါဆိုချိန် ဘွားဘွား လေးကတော့ ပါးနပ်စွာပင် ဖျတ်ခနဲ ကောက်မေးလိုက်လေသည်။

'အဘိုးအဘွားများရော ရှိလားကွဲ့'

'ဘိုးဘိုးက ဆုံးသွားပါပြီ၊ ဘွားဘွားက ဒေါ်မမကြီးပါရှင့်'

'အယ် မမကြီး မြေးတွေကိုး၊ မမရေ ဒါ မမကြီး မြေးတွေ၊ ဘွားဘွားနဲ့ မမကြီးက ဘုန်းကြီးကျောင်းမှာ ညနေတိုင်း ဆုံဖြစ်တယ်၊ မြေးတွေအကြောင်း စကား မစပ်မိကြဘူး၊ မစပ်ဆို ကိုယ့်မြေးကလည်း ဒီနှစ်မှ ကျောင်းလာနေတာကိုး ဟင်း ဟင်း'

မမကြီးမြေး ဆိုသည့်အသံ ကြားရုံနှင့် ဘွားဘွားကြီး မျက်နှာက သိသိသာသာ စိတ်ပူမှုလျော့သွားသည့်ပုံပင်။ ဘွားဘွားလေး စကားကိုလည်း ပြုံးပြုံးရွှင်ရွှင် တုံ့ပြန်ကာ ညီအစ်မတွေ ရာသီဥတု ပြန်သာယာသွားလေသည်။ ဒီလိုအချိန်မှာ ထွက်ခွာဖို့ အချိန်ကောင်းမို့ ခက်မေအောင် မိကို မျက်ရိပ်ပြရင်း ခပ်မြန်မြန် လစ်ထွက်လာခဲ့ကြတော့သည်။ အရေးထဲ ညီတစ်ယောက်က အခွင့် ရတုန်း မာလကာသီး ခူးသွားချင်သေးသည့်ဟန် ရှိနေသည်မို့ တွန်းတွန်းထိုး


mgyoe.com

mgyoe.com SAMPLE BOOK

ထိုးပင် ခေါ်ခဲ့ရလေသည်။

လမ်းမပေါ် ရောက်မှသာ အိမ်က အဖြစ်စုံကို မိကို ရယ်မောပြောပြရင်း မာလကာသီး ခူးချင်နေသေးသော ညီ့ကိုလည်း အလိုက်မသိရကောင်းလား အပြစ်တင်ဖြစ်သည်။ ညီကတော့ သူ့ထုံးစံအတိုင်း စပ်ဖြဲဖြဲလေးဖြင့် 'သိမှ မသိပဲကိုး' ဟု ရေရွတ်လေ၏။ သို့နှင့် ခက်မေအောင် စက်ဘီးလေးကို မိက နင်းကာ ခက်မေအောင်က နောက်က လိုက်လာရင်း၊ ညီကတော့ သူ့စက်ဘီး သူနင်းလာရင်း မနေ့က ပြောသည့် 'ဗညားတို့လမ်း' ဆိုသည်ကို ရောက်လာ ခဲ့ကြတော့တာပင်။

လမ်းထိပ်အုတ်ခုံလေးမှာ ကောင်လေးတစ်ယောက် အေးအေးလူလူ ထိုင်ကာ စောင့်နေသည်။ စက်ဘီးနှစ်စီးလုံး ထိုနေရာမှာပင် ရပ်လိုက်ကြသည်မို့ ခက်မေအောင်လည်း စက်ဘီးပေါ်က ဆင်းဖြစ်သည်။ အရေးထဲ စက်ဘီးပေါ်က အဆင်းမှာပင် ဂါဝန်အရှည်နောက်မှာ စည်းထားသော ဖဲကြိုးက ကယ်ရီယာမှာ ငြိနေသည်မို့ လူကဆောင့်ဆွဲလိုက်သလို ဖြစ်ကာ ဟပ်ထိုးလဲတော့မလို ဖြစ်သွားရသည်။ ညီကတော့ အရယ်သန်သူပီပီ တဟေးဟေး တဟားဟားဖြင့် သူ့အသံဆိုးကြီးနှင့် ရယ်တော့တာပင်။ မိကတော့ နင်ကလဲလေဆိုသည့် မျက်နှာပေးဖြင့် ကြည့်ရင်း ရယ်ချင်ဟန်၊ အုတ်ခုံမှာ ထိုင်နေသော ကောင်လေး ကတော့ ရုတ်ခြည်းဆိုသလို ထလာရင်း ညပ်နေသော ဂါဝန်ကြိုးကို ကယ်ရီယာ ခုံမှ ဆွဲထုတ်ပေးတော့သည်။ 'ရပြီ အမြီးညပ်တယ်ဆိုတာ ဒါမျိုး' ဟု ပြောလိုက် ကာ ကောင်လေးရယ်လိုက်ချိန်မှာတော့ ခက်မေအောင် မှတ်မိသွားသည်။ ဟိုတစ်ခါ ကျောင်းမှာ ဝင်တိုက်မိသော ကောင်လေးပေပဲ။

'ဗညားဆိုတာ နင်ပဲကိုး'

'အောင်မယ် မိတ်တောင် မဆက်ရသေးဘူး သိနေပါလား'

'ငါနဲ့ သူနဲ့ ကျောင်းမှာ ဝင်တိုက်မိကြသေးတယ် မိရဲ့ ဟိုတစ်ခါ နင်နဲ့ ကြာကန်ကြီးကို သွားကြည့်တုန်းက အပြန်မှာလေ၊ အဲဒီတုန်းက သူရယ် လိုက်တာ သူ့သွားတွေ ငါမှတ်မိတယ် '

'ဟား ဟား ဗညား မင်းတော့ သေပြီကွာ၊ ရန်ကုန်သူ စကားပြောရင် တွေ့တယ်မလား မလွယ်ဘူးနော်၊ မင်းကို လူမှတ်မိတာ မဟုတ်ဘူး၊ အစွယ် တွေကို မှတ်မိတာကွ'


mgyoe.com

mgyoe.com SAMPLE BOOK

သွားစွယ်အထပ်များပါသော ဗညားကတော့ ခေါင်းကုတ်ကာသာ ဘာပြောရမှန်းမသိ ပြုံးနေလေသည်။ ခဏချင်းပင် ဘယ်သူ့ဘယ်သူမှ အထူး တလည် ခေါ်ပြောနှုတ်ဆက်နေစရာ မလိုဘဲ ခက်မေအောင်တို့ လေးဦးသား အဖွဲ့ကျသွားလေတော့သည်။ လူရှင်းသော ဗညားတို့ အိမ်ဘေးလမ်းလေးမှာ ပင် ခက်မေအောင်ကို စက်ဘီးစီး သင်ခြင်းအမှုကို စတင်ကြလေတော့သည်။

မိက မိန်းကလေးမို့ စက်ဘီးစီးသင်ပေးဖို့ရာ အမောမခံနိုင်ပါ။ ပါးစပ် ကသာ ဘယ်ကွေ့ညာကွေ့ ကိုယ်လုံးကြီး တောင့်မထားနဲ့လေ၊ ရှေ့ကိုကြည့် စသဖြင့် အော်ဟစ်ညွှန်ကြားနေသည်။ ယောကျ်ားလေး နှစ်ယောက်ကတော့ ခက်မေအောင်ကို အစွမ်းကုန် အားတက်သရော သင်ပေးကြပါသည်။ ခက်နေ သည်က ခက်မေအောင်။ ငယ်စဉ်အခါကတည်းက ကလေးစက်ဘီးလေးတွေ ကိုပင် မစီးခဲ့ဖူးသော သူမအတွက် စက်ဘီးဆိုသောယာဉ်မှာ ဒီလောက်စီးရ ခက်မှန်း အခုမှသိပြီး ဒုက္ခနှင့် လှလှ တွေ့နေတော့သည်။

မိကတော့ တောင့်တင်း ကြောက်ရွံ့နေသော ခက်မေအောင်ပုံကို ကြည့်ကာ တဟားဟားနှင့် တရယ်တည်း ရယ်နေတော့တာပင်။ အခေါက် ပေါင်းများစွာ သင်ပေးပြီးချိန်မှာတော့ ဟိုနှစ်ကောင်လည်း လျှာထွက်လေပြီ။ တစ်ယောက်တည်း စမ်းနင်းကြည့်ဆိုကာ ခက်မေအောင်ကို တစ်ယောက်တည်း တွန်းလွှတ်လိုက်ချိန်မှာတော့ တအားအား အော်ကာ နင်းလာရင်း ဘေးမှာ အလွတ်ကြီး ရှိနေသော ပန်းခြုံကြီးကို ဝင်ကျုံးကာ စက်ဘီးက အော်တို ရပ်သွား တော့သည်။ ခက်မေအောင်လည်း ထိုနေရာမှာပင် တအီးအီး တအားအားနှင့် မထနိုင်တော့။

ယောကျ်ားလေး နှစ်ယောက်မှာလည်း ထိုတော့မှ အနားရပြီ ဆိုသောဟန်ဖြင့် လာတောင် မထူနိုင်ကြတော့ဘဲ ဘိုင်းခနဲ ထိုင်ချ အနားယူနေ ကြတော့သည်။ သူတို့ နှစ်ယောက်ပုံစံမှာ ဒင်းလဲကျသွားလို့ ငါတို့ နားရတာ ဆိုသောပုံက သိသာလှလေ၏။ မိကတော့ ရယ်ချင်ပက်ကျိ မျက်နှာဖြင့် ခက်မေ အောင် အနားကို ပြေးလာကာ ခေါင်းသပ်ကိုယ်သပ် ကြင်နာဟန်ပြလေသည်။ သို့သော်လည်း မိ မျက်နှာက ခက်မေအောင်အဖြစ်ကို ဟန်ဆောင်မရအောင် ရယ်ချင်နေဟန် ပြူတ်မနူးဖြစ်နေသည်မို့ ခက်မေအောင်လည်း နာနေသည့် ကြားက တဟီးဟီးနှင့် ရယ်မိတော့သည်။ သို့သော်လည်း နာနာနှင့် ရှိရသော


mgyoe.com

နာရီကြီးသာမို့ မျက်ရည်များတောင် လည်ရသည်မှာ မှတ်မှတ်ရရပင်။

လဲကျ အနာရပြီးကတည်းက ခက်မေအောင်က တော်ပြီတော်ပြီ အော်ကာ ဆက်သင်ဖို့ကို စိတ်မကူးခဲ့တော့ဘဲ အိမ်ပြန်တော့မယ် ဆိုတာချည်း လုပ်ခဲ့တော့တာပင်။ ဗညားကတော့ ခက်မေအောင် တကယ်နာနေမှန်း သိကာ သနားသွားဟန် မျက်နှာပေးလေးဖြင့် ကြည့်နေသော်လည်း ညီကတော့ 'ဖွဲလို့ လဗိရိယကတော့ စံနမူနာပါပဲခင်ဗျာ' ဟု အော်ကာ စနောက်လို့ မဆုံး။ တော်ပြီ။ ခက်မေအောင်ကတော့ သူ ဘယ်လောက် မခံချင်အောင် ပြောပြော အိမ်ပြန်မယ် ဆိုတာချည်း ဖိပြောနေမိတော့တာပင်။

အိမ်ပြန်ရောက်ချိန်မှာတော့ ဒဏ်ရာများက တစိမ့်စိမ့်နှင့် ပိုနာလေ တော့သည်။ ရေချိုးလိုက်ချိန်မှာ ရေဝင်ကာ စပ်လိုက်သည်များ လူက ထွန့်ထွန့် လူး။ ရေချိုးပြီးချိန် ဘွားလေးက သူမကို ဆေးထည့်ပေးကာ 'စက်ဘီးစီးသင် တယ်ဆိုတာ ဒီလိုပဲ အနာခံရတယ်၊ နောက်နှစ်ရက် သုံးရက်လောက်ဆို တတ်သွားမှာ ဘာမှမပူနဲ့' ဟု အားပေးလေသည်။ ခက်မေအောင် ဘာမှ ပြန်မပြောဖြစ်။ ဘွားဘွားကြီးကတော့ အိမ်ရှေ့အုတ်ကန်နား ထောင်ထားသော စက်ဘီးကို အိမ်ဘေး လမ်းကြားထဲ ပြောင်းထားဖို့သာ တကျိုကျို အော်နေလေ တော့သည်။ 'သူက တစ်မျိုးဟယ်၊ လုပ်မှာပေါ့ တော်ကြာ၊ ဘယ်လိုဖြစ်နေလဲ မသိဘူး' ဟု ဘွားလေးက ဆေးလိမ်းပေးရင်း ပွစိပွစိ ရေရွတ်၏။ အရက်ပြန် ခြောက်အောင် တဖူးဖူးဖြင့် မှုတ်နေရင်းမှ ခက်မေအောင် ပြတ်ပြတ်သားသား ပင် ဘွားလေးကို ပြောမိသည်။

'ဘွားလေး စက်ဘီးကို အပေါ်ထပ် အပြီးပြန်တင်ထားလိုက်ရ အောင်နော်'

ဆေးထည့်နေသော လက်က တွန့်သွားကာ ဘွားဘွားလေးက မျက်လုံးကြီးပြူးလျက် ခက်မေအောင်ကို ကြည့်လေသည်။ ပြီးမှ မကျေမနပ် လေသံဖြင့်–

'ဩော် ငါ့မြေးကလဲ လက်လျှော့လွယ်လိုက်တာ၊ သင်နေတုန်းတော့ ဒီလိုပဲ နည်းနည်းပါးပါး အနာခံရမှာပေါ့'

'ဟင့်အင်း ... အနာမခံနိုင်တော့ဘူး'

'ဟဲ့ အနာခံမှ တတ်ချင်တာ တတ်မှာလေ၊ ဒီလိုပဲ လိုချင်တာရှိရင်


mgyoe.com

mgyoe.com SAMPLE BOOK

အနာခံရတာပဲဟာကို'

'အနာခံမှ ရမယ်ဆို ဘာကိုမှ မလိုချင်ဘူး၊ စက်ဘီးမစီးတတ်လို့ ဘာမှ မဖြစ်ပါဘူး၊ မစီးဘဲ နေမှာပေါ့'

ဘွားဘွားလေးက ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဟန် သူမကို ငေးကြည့်လာသည်။ တစ်ခုခု ပြောမလို ဟန်ပြင်ပြီးခါမှ ဘာမှ မပြောတော့ဘဲ အရက်ပုံနှင့် ဂွမ်းကို နေသားတကျ သိမ်းနေ၏။ ခက်မေအောင်ကတော့ သူမ၏ ပွန်းပဲ့ဒဏ်ရာလေးများကို ငုံ့ကြည့်ကာ တကျွတ်ကျွတ်နှင့် နာကျင်မဆုံးတော့ပါ။ စိတ်ထဲမှလည်း ဒီလို ထိခိုက်နာကျင်တာမျိုးတွေ ဖြစ်မယ်မှန်း သိရင် စက်ဘီးစီး မသင်ပါဘူးဟုသာ တတွေးတွေး တွေးနေမိတော့သည်။

❑

နောက်တစ်နေ့မှာ မိ၊ ညီ၊ ဗညားတို့ သုံးဦးသား ခက်မေအောင်တို့ အိမ်သို့ ရောက်လာကြသည်။ ညီက ဒဏ်ရာရ လူနာကို သတင်းမေးဆိုကာ သူတို့အိမ်က သရက်သီးများ ခူးလာသည်။ ပြီးတော့လည်း နောက်ဖေးဆောင်ကို သူ့ဘာသာသူ ဝင်သွားကာ သူ့အိမ် သူ့ရာအလား ငံပြာရည်ပုလင်း ဘယ်မှာလဲ၊ ငရုတ်သီးမှုန့် ဘယ်မှာလဲ၊ သကြား ဘယ်မှာလဲနှင့် အော် အော် မေးကာ သူ့ သရက်သီးများကို စိတ်ကြိုက်နယ်ဖတ် နေလေတော့သည်၊ မိကတော့ သူ့အတွက် ရေးထားသည့် စာစီစာကုံးကို ဖတ်ကြည့်ပြီး ကောင်းလိုက်တာ ကောင်းလိုက် တာနှင့် အော်နေတော့တာပင်။ အော်ရုံနှင့် အားမရဘဲ စာအုပ်ဗီရိုကိုဖွင့်ကာ စာအုပ်များ မွှေနေသော ဗညားအနား သွားပြီး အတင်းဖတ်ကြည့်ခိုင်းနေ


mgyoe.com

mgyoe.com SAMPLE BOOK

ပြန်၏။ ခက်မေအောင်က ကိုယ့်အရေးအသား ကိုယ်စိတ်ချသော်လည်း အခုလို ပေါ်တင်ကြီး ချီးကျူးကာ နောက်တစ်ယောက်ကို အတင်း ဖတ်ခိုင်းနေသော အဖြစ်မျိုးကိုတော့ နည်းနည်းရှက်နေမိသလို ခံစားလိုက်ရသည်။

ဗညားက မိ လာပေးသော စာစီစာကုံးကို မျက်မှောင်တွန့်ကာ အသေအချာခံစား ဖတ်နေလေသည်။ မိက ဗညားဆီက မှတ်ချက်ကို ကြားလို စိတ် စောနေဟန်ဖြင့် ဘေးမှာ ထိုင်မချသေးဘဲ ဗညားခေါင်းပေါ်မှ ကျော်ကာ ကိုယ်ကို ခပ်ကိုင်းကိုင်းလုပ်လျက် သူကိုယ်တိုင် ထပ်ဖတ်နေသည်။ ခက်မေအောင် က ဘေးတိုက်မြင်နေရသော အပေါ်အောက် သူတို့ မျက်နှာလေးနှစ်ခုကို ဘာရယ်မဟုတ် ယှဉ်ကြည့်လိုက်ရင်း အသားဖြူသော ဗညားနှင့် မိကမှ မောင်နှမဆို ယုံဦးမယ် တွေးဖြစ်ကာ-

'နင်တို့နှစ်ယောက် ငါ့မျက်စိထဲ ရုပ်ချင်းဆင်နေသလိုပဲ'

'ဘယ်သူတွေလဲ ရုပ်ဆင်တာ၊ ရုပ်ချင်းဆင်ရင် ရတတ်တယ်၊ နော် မိ၊ ငါတို့ အမျိုးထဲမှာ ရှိတယ်နော်၊ လေးမျိုးနဲ့ ဒေါ်လေးသူဇာလေ ဘယ်လောက် တူလဲ'

အယ် ဒီညီတစ်ယောက်ကတော့လေ။ စကားအစကို ကြားဟန်မတူ ဘဲ သူ့အာရုံဖြင့်သူ ကြားသည့်နေရာက ဝင်ပြောကာ နယ်ဖတ်လာသော သူ့ လက်ကိုလည်း လျှာဖြင့် ယက်လိုက်သေးသည်။ ဗညားကတော့ ခက်မေအောင် စကားကိုရော ညီ့စကားကိုပါ မကြားလိုက်သည့်ပမာ စာစီစာကုံးကို သဲကြီး မဲကြီး ဖတ်နေပြီး မိကတော့ ဖြူဖွေးနေသော မျက်နှာလေး တွတ်တွတ်နီအောင် ကို ရှက်သွားခဲ့တာပင်။

ခက်မေအောင် ဘာလုပ်လို့ ဘာပြောရမှန်း မသိ။ ပြောလိုက်မှ ပိုရှုပ် ကုန်မှာ စိုးကာ 'စားကြည့်စမ်း စားကြည့်စမ်း' နှင့် အတင်းထိုးပေးနေသော သရက်သီးဇလုံကြီးကိုသာ လှမ်းယူရင်း တစ်ဖတ် နိုက်စားလိုက်မိသည်။ အားပါးပါး ဆွေမျိုးမေ့သည့်ဆိုတာ ဒါမျိုးအရသာ။ တစ်ဖတ်ကျန်ထိ အရသာ ရှိဆိုတာ ဒါမျိုးအရသာကို ပြောတာဖြစ်မည်။ ခက်မေအောင်နှင့်ညီ ခေါင်းချင် ဆိုင် လုစားကာ တအင်းအင်းနှင့် အရသာတွေ ရှိနေကြသည့်အချိန် ဗညားက စာစီစာကုံး ဖတ်ပြီးဟန်ဖြင့် သရက်သီးပိုင်းကို ရောက်လာသည်။

'တော်တော် ကောင်းတာပဲဟ'


mgyoe.com

mgyoe.com SAMPLE BOOK

'အေး ကောင်းတယ်နော်၊ ညီ နောက်နေ့လည်း လုပ်ကျွေးဦး သိလား'

'ဟုတ်လား ကောင်းလား နင်တို့ ကြိုက်ရင် လုပ်ကျွေးမယ်လေ '

'မဟုတ်ပါဘူး၊ ငါက မင်းသရက်သီးကို ပြောတာ မဟုတ်ဘူး၊ သူရေးတဲ့ စာစီစာကုံးကို ပြောနေတာ'

အမ် ဟု ဆိုကာ ညီ့မျက်နှာက မအီမလည် ဖြစ်သွားဟန်၊ ခက်မေအောင်ကတော့ ဗညားစကားသံကိုကြားမှ သရက်သီးကို အစားရပ်ကာ 'တကယ်ပြောတာလား' ဟု ပလုပ်ပလောင်းသံဖြင့် မေးရသည်။

'တကယ် ပြောတာပေါ့ဟ၊ နင် စာတွေလည်း အရမ်းဖတ်တယ် ထင်တယ် ဟုတ်လား၊ နင်တို့ အိမ်က မျိုးနဲ့ ရိုးနဲ့ ဖတ်ကြတာလား ဟုတ်လား'

ဗညားက စာအုပ်ဗီရိုကို မျက်လုံးဝဲကြည့်ကာ မေးလေသည်။

' အေး ဟုတ်တယ်၊ အဲဒီဒါ ငါ့အဖေ ငယ်ငယ်က ဖတ်ခဲ့တဲ့ စာအုပ်တွေကို ဘွားဘွားတို့က သိမ်းထားပေးတာ၊ သူတို့ခေတ်က မဂ္ဂဇင်းတွေက တအား ဖတ်လို့ ကောင်းတာ၊ ဝတ္ထုတွေလည်း ရှိတယ်၊ ဘွားဘွားတို့လည်း စာဖတ်တာ ဝါသနာပါတာပဲဟ၊ နင် ပြောသလို မျိုးနဲ့ ရိုးနဲ့ပေါ့'

'နင် စာစီစာကုံးရေးပုံက စာဖတ်တဲ့သူဆိုတာ သိပ်သိသာတယ်၊ ငါတို့နဲ့ မတူဘူး၊ အခု 'ဈေးမြင်ကွင်း' ကို ရေးထားတာ တကယ်မိုက်တယ်၊ ငါတို့လည်း ဈေးကို နေ့တိုင်းလိုလို ရောက်နေတာပဲ၊ ဒါပေမဲ့ နင့်အမြင်နဲ့ မတူဘူး၊ နင် ရေးထားတာက ကိုယ့်မြို့က ဈေးကို ကိုယ်တောင် ပြန်ကြွေသွားလောက်အောင် ရေးထားတာ၊ ချစ်စရာလေး၊ ကြည်နူးစရာ မြင်ကွင်းလေး ဖြစ်သွားတယ်၊ တော်တယ်ဟာ'

'အဲဒီလောက်တောင်လား ပြပါဦး၊ ငါဖတ်ကြည့်ဦးမယ်' ဟုဆိုကာ ဗညားလက်ထဲက စာအုပ်ကို ညီက ယူဖတ်ပြန်လေသည်။ ထိုတော့မှ တောက်လျှောက် အသံတိတ်နေသော မိက 'နင့်လက်က ငံပြာရည်နံ့တွေ ကူးကုန်ဦးမယ်' ဟု ထအော်၏။ မမီတော့ပါ။ ညီကတော့ သူ့လက် ညစ်တီးညစ်ပတ်ကြီးဖြင့်ပင် စာအုပ်ကို ပယ်ပယ်နယ်နယ် ကိုင်ကာ စာစီစာကုံးကို ခံစားနေလေပြီ။

ခက်မေအောင်ကတော့ သူမ စာစီစာကုံး ရေးဟန်ကို စိတ်ဝင်စားနေသော ဗညားအား တတ်သလောက် မှတ်သလောက် ရှင်းပြနေဖြစ်သည်။ တကယ်တော့ သူမက စာစီစာကုံးတိုင်းကို စိတ်ဝင်တစား ကောင်းအောင်ရေး


mgyoe.com

mgyoe.com SAMPLE BOOK

တတ်သူ မဟုတ်ပါ။ ဖွဲ့ဖွဲ့နွဲ့နွဲ့လေး ရေးသားလို့ရသည့် ခေါင်းစဉ်များမှသာ တက်တက်ကြွကြွ စိတ်ပါလက်ပါ ရေးဖြစ်တာ ဖြစ်သည်။ များသောအားဖြင့်လည်း ရွေးချယ်ရေးသားရသည့် ခေါင်းစဉ်များမှာ အဖွဲ့အနွဲ့ အားပြုလို့ရသော ခေါင်းစဉ်မျိုးက တစ်ခုမဟုတ် တစ်ခုပါနေသည့်အတွက်သာ အဆင်တပြေ ရေးနိုင်နေခြင်းပင်။

'အေးဟ ကောင်းတယ်၊ နင် ကြီးလာရင် စာရေး၊ အောင်မြင်မှာ သေချာတယ်၊ ကဲပါ အဲဒါ အသာထားဦး၊ နင် ဒီနေ့စက်ဘီးစီး သင်ဦးမှာမလား၊ တော်ကြာ မိုးရွာနေဦးမယ် လုပ် လုပ်'

'ဟော့အေး ငါ မသင်တော့ဘူး'

'ဘာလို့ မသင်တာလဲ နောက်နေ့ဆို ငါတို့က ကျောင်းတက်ရမှာနဲ့ အားတော့မှာ မဟုတ်ဘူး' ဟု မိက ဝင်ပြောလေသည်။ ခက်မေအောင်မှာ သူတို့ကို အားနာနာနှင့်ပင် စက်ဘီးလည်း သိမ်းလိုက်ပြီဖြစ်ကြောင်း၊ စက်ဘီးစီး သင်ဖို့ အစီအစဉ်ကိုလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ပြောလိုက်မိတော့သည်။ မိနှင့် ညီက တစ်ယောက်တစ်ပေါက် ဆိုသလို အပြစ်တင် စကားများဖြင့် တွယ်ကြတော့သည်။ ခက်မေအောင် ဘာမှမတုံ့ပြန်နိုင်။ မချိပြုံးလေးဖြင့်သာ ငြိမ်နေချိန် ဗညားက 'ဘာလို့ မသင်တော့တာလဲ' ဟု သိချင်ဟန်ဖြင့် မေးလာသည်။

'ငါက ထိခိုက်ရတာတွေ နာကျင်ရတာတွေကို မကြိုက်ဘူး၊ စက်ဘီးစီး သင်ရတာ ဒီလို အနာတရတွေ ဖြစ်မယ်မှန်း ငါ မတွေးမိလို့ သင်မိတာ၊ သိတော့ မသင်ချင်တော့ဘူး၊ ဒါပါပဲ'

'အရူး' ဟု ညီက ပယ်ပယ်နယ်နယ်ကြီး ပြောလေ၏။ မိကတော့ ဟွန်း ဟု ဆိုကာ မျက်စောင်းထိုးလေသည်။ ဗညားကတော့ မျက်ခုံးပင့်ကာ ခပ်ပြုံးပြုံးကြည့်ရင်း ခေါင်းညိတ်သည်။ သူတို့အပြော၊ သူတို့မျက်စောင်း၊ သူတို့ အပြုံးကို ခက်မေအောင် ဘယ်လိုမှမနေပါ။ စက်ဘီးစီး ထပ်မသင်ရဖို့သာ အဓိက ဖြစ်လေတော့သည်။

နောက်တော့ စကားလမ်းကြောင်းက ပြောင်းသွားပြန်ကာ ကျူရှင်ကိစ္စကို ရောက်သွားသည်။ ဗညားလည်း မိတို့ မောင်နှမနှင့် အတူတူ ကျူရှင် တက်သည်ဟု သိလိုက်ရပြီး ခက်မေအောင်ပါ ထိုကျူရှင်မှာပဲ တက်ရန် အတည်ပြုဖြစ်သွား၏။


mgyoe.com

mgyoe.com SAMPLE BOOK

'ကျူရှင်ကို လူကြီးလိုက်အပ်ပေးစရာ လိုသေးလား' ဆိုသည့် ခက်မေအောင် မေးခွန်းကို ညီက နှုတ်သွက်အာသွက်ဖြင့်-

'ငါတို့က နင့်အုပ်ထိန်းသူတွေပေ့ါဟာ၊ ငါတို့ သုံးယောက် အာမခံရင် နင် အဆင်ပြေတယ်' ဟု ကြီးကြီးကျယ်ကျယ်တွေ ဆိုလေသည်။

စကားကြီး စကားကျယ် ပြောလွန်းသော ညီ့ကို တစ်ခုခု ပြန်နှက်ရန် စကားလုံး ရှာနေဆဲမှာပင် မိုးက ဖြုန်းဒိုင်းဖြင့် သဲမဲစွာ ရွာလာတော့တာမို့ အိမ်နောက်ဖေး အုတ်ကန်နှင့် အိမ်ရှေ့အုတ်ကန်၊ ရှိရှိသမျှ စဉ့်အိုး၊ ကျောက်စည်ပိုင်းများ ရေဖြည့်ရန် လှုပ်ရှားရတော့သည်။ မိုးရွာတုန်းမှာ ရေဖြည့်ထားလျှင် ဘွားဘွားတို့ ရေထမ်းခေါ်ရ သက်သာသည် ဆိုတာလောက်ကိုတော့ ခက်မေအောင် သဘောပေါက်နေလေပြီ။ ခက်မေအောင် ထလှုပ်ရှားလိုက်သည်နှင့်ကို ဘာလုပ်တော့မည်ကို သိနေသည့် သူတို့သုံးဦးကလည်း အပြေးအလွှားပင် ဟိုစည်ပိုင်း အဖုံးဖွင့်၊ ဒီရေကန် အဖုံးဖွင့်ဖြင့် တက်ညီလက်ညီ ပြေးလွှားလုပ်ပေးကြသည်မို့ ခက်မေအောင် သိပ်ပျာယာမခတ်လိုက်။ နို့မို့များဆို အိမ်ရှေ့ အိမ်ဘေး၊ အိမ်နောက်ဘက် ပြေးလွှားနေရတာနဲ့တင် လူက တော်တော်မောရလေသည်။

အခုတော့ ခက်မေအောင်၏ အုပ်ထိန်းသူများ အနီးကပ် ရှိနေချိန်မို့ သက်သာလှချည့်။ ဒီအချက်နှင့်ပင် အုပ်ထိန်းသူဆိုသော စကားအတွက် ညီ့ကို အချေအတင် မလုပ်ချင်တော့။ သူတို့ ကိုယ့်အုပ်ထိန်းသူ လုပ်တော့လည်း ကိုယ် အလုပ်အကိုင် သက်သာတာပဟုသာ ပြုံးရယ် တွေးဖြစ်တော့သည်။

❑


mgyoe.com

နောက်တစ်နေ့ မနက်ခင်းမှာတော့ ကျူရှင်သွားဖို့ရာအတွက် မိနှင့် ညီက ခက်မေအောင်ကို လာခေါ်လေသည်။ သူမကလည်း မိစက်ဘီး နောက်မှာ ထိုင်ကာ ပျော်ပျော်ရွှင်ရွှင် လိုက်သွားခဲ့တာပင်။ ကျူရှင်တက်ရမည့် တီချယ် ဝင်း၏ အိမ်မှာ မြို့အစွန်ကျသော နေရာမှာ ရှိသည်ဟု သိထားသည်။ ခက်မေ အောင် ထိုအပိုင်းကို တစ်ခါမျှ မရောက်ဖူးပါ။ မိနှင့် ညီ တစ်ယောက်တစ်ခွန်း ပြောပြနေသော သတ္တိကုန်းဆိုသော မတ်စောက်သည့် ကုန်းလျှောကြီး တစ်ခု ကို အသည်း တအေးအေးဖြင့် ဖြတ်ရမည် ဆိုတာကိုတော့ အကြားနဲ့တင် စိတ်ဝင်စားလှပြီ။ ဖြတ်သန်းသွားလာသည့်လူတိုင်း သတ္တိဖြင့် ဖြတ်ရမည့် အနေ အထားမို့ 'သတ္တိကုန်း' ဟုတောင် အမည်ပေးထားပါသည်ဟု သူတို့ပြောလာ ချိန် ခက်မေအောင်ကတော့ သတ္တိကုန်းကို တွေ့ဖူးချင်၊ ဖြတ်ကျော်ချင်လှပြီ။

သတ္တိကုန်းကို ရောက်ချိန်မှာတော့ အတော်မတ်တဲ့ သတ္တိကုန်းပဲဟု သိလိုက်သည်။ ကုန်းပေါ်ကို စက်ဘီးအရှိန်ဖြင့် နင်းတက်ရလေသည်။ ညီက ယောက်ျားလေး ဖြစ်သည့်အပြင် တစ်ယောက်တည်း စီးသည့်သူမို့ အရှိန်ဖြင့် နင်းတက်သွားနိုင်သော်လည်း မိနှင့် ခက်မေအောင်ကတော့ ကုန်းပေါ်ရောက် အောင် စက်ဘီးကို ဆင်းကာ တွန်းရလေတော့သည်။ နှစ်ဦးဝိတ်ဖြင့် စက်ဘီးကို နင်းတက်သွားဖို့ဆိုတာ မဖြစ်နိုင်သော ကိစ္စပင်။ ဘေးနားမှ ဝိတ်ပါသော စက်ဘီး၊ ဆိုက်ကားများ အားလုံး ဒီလိုပင် ဆင်းတွန်းသွားတာချည်းသာ တွေ့ရ၏။ ကုန်းပေါ် ရောက်သွားပြီ ဖြစ်သော ညီကတော့ ပိုစ့်အမျိုးမျိုး လုပ်ပြကာ သူတို့ကို စနေတော့တာပင်။ ကုန်းပေါ်ကို ရောက်ချိန်မှာတော့ စက်ဘီးတွန်းလာရသော မိက ဘယ်လိုမှ မနေသော်လည်း ခက်မေအောင်ကတော့ ပောဟဲ လိုက်လို့ရယ်။

'ဟား ဟား ရန်ကုန်သူ လျှာထွက်နေပြီ'

'ဟမ်... မထွက်ပါဝူး ၊ ဘယ်မှာ ထွက်လို့လဲ'

ဗလုံးဗထွေး မောသံကြီးဖြင့် စကားတောင်ပီအောင် မပြောနိုင်တော့ သော ခက်မေအောင်ကို ကြည့်ကာ မောင်နှမနှစ်ယောက်သား အားမနာလျှာမ ကျိုး ရယ်ကြလေတော့၏။

'အမောပြေသွားအောင် ဟိုဘက်ကို ကြည့်လိုက်ဦး ရန်ကုန်သူ'

ခက်မေအောင်မှာ သူ့ကို ထိုင်ကြည့်ကာ ဟားနေသော မောင်နှမကို မျက်စောင်းသာ နာနာထိုးရင်း သတ္တိကုန်းထိပ်မှာ လျှောဆင်းနင်းသွားရမည့်


mgyoe.com

mgyoe.com SAMPLE BOOK

မြေပြင်အနေအထားကို ငုံ့ကြည့်လိုက်မိသည်။ ဘုရား ဘုရား ။ ဒီကုန်းထိပ်က နေ အဲဒီလို ဖောက်ထိုးကြီး နင်းချသွားရမည်တဲ့လား။ ခက်မေအောင်မျက်နှာ က ဘယ်လောက်များ ငယ်ကျ ဖြူဖျော့သွားသည် မသိ။ ညီ အော်ရယ်နေလိုက် သည်များ ဖင်ထိုင်တောင် ကျလေသည်။ မိကတော့ ညီလောက် မရယ်သော် လည်း ညီ့လောက်နီးနီး ရယ်ချင်နေသော ပုံဖြင့်သာ ခက်မေအောင်ကို ဘယ့်နှယ့်လဲ ဆိုသောပုံဖြင့် ကြည့်နေလေသည်။

'ငါ ခဏလောက် ထိုင်ဦးမယ်၊ပြီးမှ သွားကြမယ်နော်၊ ကြောက်လို့ မဟုတ်ဘူးနော်၊ ဒီကုန်းထိပ်လေးက ကြည့်ရင် ဗျူးလှလို့'

ညှောင်နာနာ အသံဖြင့်ပြောကာ ထိုင်ချလိုက်ချိန် ညီက ခက်မေအောင် ကြောက်နေမှန်းသိကာ အရယ်ရပ်လေသည်။ ဒီကောင်က အဲဒီလိုမျိုးလေး တွေ ခင်စရာကောင်းတာ ဖြစ်သည်။ နေရာတကာမှာ သူ့အသံပြကြီးနှင့် အားမနာ လျှာမကျိုး ရယ်ချတတ်သော်လည်း သူတစ်ပါး တကယ်အခက်တွေ့နေတာ မှန်း သိလျှင်တော့ ချက်ချင်း အချိုးပြောင်းတတ်လေသည်။ အခုလည်း သူ့ကျော ပိုးအိတ်ထဲက ချင်းဆီးပြားထုပ်ကို အသည်းအသန် ရှာထုတ်လာကာ 'ရော့... ဒါလေး ငုံထား'ဟု လာပေးနေပြန်သည်။

'ငါမနေ့က ချင်းဆီးပြားရှိသေးလား မေးတော့ မရှိဘူးတဲ့၊ အခုတော့ ထွက်လာပြီ'

'နင်က အကုန်စား စားပစ်တာကိုး'

အမ် ... ဒါဆို သူမလည်း သူ့ချင်းဆီးပြားကို အကုန်စားလို့ မဖြစ် ဘူးပေါ့။ ခက်မေအောင်မှာ နဂိုကတည်းကမှ ဖင်ကပ်သာရှိသော ချင်းဆီးပြားကို အကုန်မယူရဲတော့ဘဲ အင့် ဆိုကာ ပြန်ပေးရလေတော့သည်။ ထိုတော့လည်း လက်တကာကာဖြင့်-

'စားလိုက်လေ နည်းနည်းပဲ ကျန်တော့တာကိုး ... စားလိုက် စားလိုက်'

ခက်မေအောင် မိကို စွေကြည့်လိုက်ချိန် မိပုံစံက ချင်းဆီးပြားကို အတော်ပင် သွေးတောင်းနေဟန်မို့ လက်ထဲက အထုပ်လေးကို မိထံ ဝဲလိုက် ရတော့သည်။ မိကလည်း မငြင်း။ ဝမ်းသာအားရပင်ယူကာ ပါးစပ်ထဲ ပစ်သွင်း လိုက်သည်မို့ ညီက သူ့အစ်မကို 'အငတ်' ဟု ပျစ်ပျစ်နှစ်နှစ် အားပေးလေ သည်။ ထိုအချိန်မှာပင် ကလင်ကလင် အသံပေးကာ စက်ဘီးကို အားကုန်နင်း


mgyoe.com

mgyoe.com SAMPLE BOOK

လျက် ဗညားတစ်ယောက် ပေါက်ချလာသည်။ ညီက ဗညားကိုတွေ့ချိန် ယောက်ဖဟု ဝမ်းသာအားရခေါ်ကာ လွယ်အိတ်ထဲမှ စာအုပ်များထုတ်ပြီး သချာၤတိုက်နေချိန် ညီ့စကားကို ရယ်ချင်နေသော ခက်မေအောင်က မိကို ခပ်တိုးတိုး စမိတော့သည်။

'ဟဲ့ ညီက သဘောကောင်းလှချည်လား'

'ဘာကိုလဲ'

'ဗညားကို ယောက်ဖတဲ့ ဟိ ဟိ'

'အမလေး သူက နှာဗူး၊ ဗညားမှာ အစ်မနှစ်ယောက် ရှိတာလေ၊ ဟိုက တက္ကသိုလ်ကျောင်းသူတွေ၊ မတန်မရာ ကြံနေတာ၊ အဲဒါကြောင့် ခေါ်နေတာ'

သူမတို့ တိုးတိုး တိုးတိုး လုပ်နေကြသည်ကို နားစွန်နားဖျား ကြားသွားပုံရသော ညီက လှည့်ကြည့်ပြီး မသင်္ကာသံဖြင့် 'ဘာတွေ ပြောနေတာလဲ'ဟု မေးလာသည်။ မိကလည်း ခပ်တည်တည်ပင် 'ဘာမှမပြောပါဘူး'ဟု ဖြောင်ညာလေသည်။

'ဘာဘူးဆိုလား... ကြားလိုက်ပါတယ်'

'ရေဘူး ပါမလာဘူးလို့ ပြောနေတာဟေ့၊ တကတည်း စပ်စုလိုက်တာ လွန်ရော ညီရယ်'

ဩော် ဟုဆိုကာ သူ့အစ်မ စကားကိုယုံပြီး ညီပြန်လှည့်သွားချိန် ဒီတစ်ခါ ရယ်မိသူမှာ ခက်မေအောင် ကိုယ်တိုင်ပင်။ ခက်မေအောင် လိုမ့်ရယ်နေသည်ကိုမြင်တော့ မိကလည်း မနေနိုင်ဖြစ်ကာ လိုက်ရယ်သည်။ ညီကတော့ မသင်္ကာဟန်ဖြင့် တကြည့်ကြည့်လုပ်ကာ အူကြောင်ကြောင်ရုပ်ဖြင့်။

နောက်တော့လည်း ဗညား နှိုးဆော်မှုဖြင့်ပင် ညီနှင့် ဗညားက ဝန်းရံကာ မိနှင့်သူမ စက်ဘီးက အလယ်မှလိုက်လျက် သတ္တိကုန်းမှ စက်ဘီးဖြင့် ဆင်းလာကြတော့သည်။ သူတို့အားလုံး စက်ဘီးစီး ကျွမ်းကျင်သူများဖြစ်ကာ မိက ဘရိတ်ကို မှေးဆွဲဆင်းသော်လည်း နောက်က လိုက်လာသူကတော့ တလှပ်လှပ် ခံစားမှုဖြင့် အသည်းတအေးအေးပင်။ ထိုအရသာကိုပင် စိတ်ထဲက နှစ်ခြိုက်နေမိရင်း ဖွင့်ထုတ်သည့်အနေဖြင့် ပါးစပ်က 'အား'ဟု အော်ကာ လိုက်လာမိတော့သည်။ ခက်မေအောင်၏ 'အား' ကို သူတို့လည်း သဘောကျကုန်ကာ လိုက် 'အား'ကြပြီး 'တအား အား'ဖြင့် သံကုန်အော်ကာ ဆင်းလာသော


mgyoe.com

mgyoe.com SAMPLE BOOK
စက်ဘီးသုံးစီးကို ကြည့်လျှက် ဘေးလူတွေက ရယ်ကြပြုံးကြသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။

ပျော်လွန်းလျှင် ပြဲရသည်တဲ့။ ဘာစကားကြီးမှန်း မသိ။ ဘွားဘွားတို့ပြောနေကြစကား ဖြစ်လေသည်။ အထူးသဖြင့် တစ်ခုခုကို အပျော်လွန် အရယ်လွန်လျှင် သတိပေးစကားအဖြစ် သုံးတတ်လေသည်။ အခုလည်း အဲဒီလိုပဲ ဖြစ်သည် ထင်ပါရဲ့။ ကျူရှင်မှာ ပြဿနာတစ်ခုနှင့် ကြုံတော့သည်။ ကျူရှင်မှာ စာသင်ဖို့ ထိုင်ကြတော့ ခက်မေအောင်က မိ နံဘေးမှာ ကပ်ထိုင်သည်။ နောက်ခုံတန်းမှာ ခက်မေအောင် သတိမထားမိသော အတန်းတူ ကောင်လေးသုံးယောက်၊ ထိုနောက်မှာမှ ညီနှင့် ဗညား ဖြစ်လေသည်။

တီချယ်ဝင်း စာစသင်သည့်အချိန် ခက်မေအောင် စူးစိုက်စွာနားထောင်နေရင်းမှ ကိုယ့်ကျောပြင်ကို တစ်ခုခု လာထိုးနေသလို ခံစားမိကာ လက်ဖြင့် နောက်ပြန်စမ်းမိသည်။ ပေတံအစွန်းတစ်ခုကို သွားစမ်းမိကာ ဖျတ်ခနဲ လှည့်ကြည့်မိတော့ ပြုံးစိစိ ကြည့်နေသော ကောင်လေးတစ်ယောက်။ သိလိုက်ပြီ။ ထိုကောင်လေးတော့ ခက်မေအောင် ကျောပြင်ကို ပေတံဖြင့် ထိုးကာ စနေလေပြီ။ ခက်မေအောင် လှည့်ကြည့်ပြီးချိန်မှာ ခဏတော့ ငြိမ်သွားသည်မို့ ပြီးလောက်ပြီ ထင်ထားခါမှပင် နောက်တစ်ခါ ကျောပြင်ကို တစ်ခုခု လာထိပြန်သည်။ ဒီတစ်ခါတော့ ခက်မေအောင် မကြည့်ဖြစ်တော့။ လက်ဖြင့်ပင် နောက်ပြန်စမ်းကာ မလုပ်နဲ့ဆိုသော ပုံဖြင့် ခါသပ်ချလိုက်ချိန် လူက ရှိန်းခနဲ ဖြစ်သွားတော့သည်။ ဒီတစ်ခါက ပေတံစွန်းနှင့် မဟုတ်ဘဲ ခုံကြားထဲမှ လက်ညှိုးဖြင့် ထိုးကာ စနေခြင်းပေမို့ သူ့လက်ညှိုးကို ခက်မေအောင် လက်က သွားထိမိခြင်းပင်။ ထိုအချိန်မှာပင် ဝုန်းကနဲ အသံကြားလိုက်ကာ နောက်က ကောင်လေး ခေါင်းက စိုက်ခနဲ ရှေ့ကို ယိုင်ကျသွားတော့သည်။

တစ်ခန်းလုံး အံ့သြတကြီးဖြင့် အသံလာရာ ကြည့်လာချိန် ထိုကောင်လေး ခေါင်းကို နောက်က တွန်းချထိုးထည့်လိုက်သူက ဗညား၊ ဘေးနားက ညီက ဗညားကို ထိန်းဟန်ဖြင့် အတင်းဆွဲထားသည်။ ဆရာမက အံ့သြဟန်ဖြင့် 'ဘာဖြစ်တာလဲ' မေးချိန် ညီက ဗညားအစား ဖြစ်စဉ်အစအဆုံးကို ဝင်ဖြေပေးသည်။ ခက်မေအောင်ကတော့ ဘာဝင်ပြောပေးလို့ ပေးရမှန်းတောင် မသိတော့။ ဆရာမက 'ဟုတ်လား' အတည်ပြု မေးချိန်မှာတော့ 'ဟုတ် ဟုတ်'


mgyoe.com

ဆိုသော စကားသာ အသံထွက်နိုင်သည်။ ကျူရှင်မရောက်ခင် သတ္တိကုန်းက စက်ဘီးဖြင့် ဆင်းလာခဲ့စဉ်က ပျော်ခဲ့သောအပျော်တွေ ဘယ်ရောက် ကုန်မှန်း ပင် မသိတော့။

နောက်တော့ မိက သူမ စာအုပ်နောက်ကျောမှာ တစ်ခုခု လာရေး ပေးကာ သူမဘက် တွန်းပေးသည်။ 'ဗညား ဒေါသတွေ ထွက်နေလိုက်တာမှ တအားပဲနော်' တဲ့လေ။ ထိုစာသားလေးကိုဖတ်ကာ ခက်မေအောင် စိတ်ထဲ အားတွေ ရှိသလို ဖြစ်သွားလိုက်သည်မှ မပြောပါနှင့်တော့။ ချက်ချင်းလို စာသားလေးတစ်ခွန်း ပြန်ရေးပေးကာ မိဘက် တွန်းပေးလိုက်သည်။ 'နင်တို့က ငါ့အုပ်ထိန်းသူတွေလေ' မိက ခက်မေအောင် ရေးပေးသော စာသားကို ဖတ်ကာ ကျိတ်ပြုံးလျက် ခပ်ကွယ်ကွယ်သဏ္ဍာန်ဖြင့် လက်မလေးကို ထောင်ပြသည်။ ဗညားကို မသိမသာ လှည့်ကြည့်လိုက်ချိန် မျက်နှာစူပုပ်ကာ ဆရာမစာသင် တာကို ငေးနေသည်။ ညီကတော့ ခက်မေအောင် လှည့်ကြည့်တာကို သိဟန်ဖြင့် မျက်ခုံးပင့်ပြလေတော့သည်။

□□□

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

မြို့သာယာ၏ ဆောင်းတွင်းကာလများကတော့ အချမ်းကြောက်သော ခက်မေအောင်ကို စိန်ခေါ်ခဲ့လေသည်။ နွေရာသီ ကျောင်းပိတ်ရက်များမှာသာ အလည်လာခဲ့ဖူးသော ခက်မေအောင်အတွက် မြို့သာယာဆောင်းကို ကောင်းကောင်း ထိတွေ့လိုက်ရချိန် အိမ်ရှေ့ကို ခြေတစ်လှမ်းထွက်ဖို့တောင် ကြောက်နေမိတော့တာပင်။ မထွက်လို့လည်း မရခဲ့ပါ။ ကျောင်းတက်ချိန်က နှင်းကွဲအချိန်မို့ တော်သေးသည် ဆိုရမည် ဖြစ်သော်လည်း ကျူရှင်တက်ရသည့် တစ်ပတ် သုံးရက် ကာလများကတော့ မနက်စောစောစီးစီး အချိန်မို့ တပဟီးပဟီး တုန်ကာ သွားရစမြဲ၊ လမ်းလျှောက်လျှင်တောင် ချမ်းတုန်ကာ ပါးစပ်က အငွေ့များ ထနေသော အချိန်ကာလမှာ မိ စက်ဘီးနောက်က လေထုကို အံတုကာ ခေါင်းငုံ့ဖက်ပုလျက် လိုက်ရသည့်အဖြစ်က အချမ်းဒဏ်ဖြင့် လူက ကွေးကောက်ကာ လိမ်နေတော့သည်။

တကယ်ဆို ခက်မေအောင်က ဝတ်စုံပြည့်ဖြင့် ချမ်းတယ် ချမ်းတယ် အော်နေမိသူရယ်ပါ။ ခက်မေအောင် ဝတ်ထားပုံကိုလည်း ကြည့်လိုက်ဦး။ ခေါင်းနှင့် လည်ပင်းကို တွဲပတ်သိုင်းထားသော ခေါင်းစွပ်လည်း ပါသည်။ ဖလံထည် အနွေးထည် တစ်ထပ်ပေါ်မှာ သိုးမွေးအနွေးထည် ထူထူကြီးလည်း

mgyoe.com

ထပ်ဝတ်သည်။ ဒီကြားထဲကမှ အချမ်းဒဏ်ကြောင့် အသံများ ထွက်နေသော ခက်မေအောင်ကို အုပ်ထိန်းသူတို့ ကြည့်မရတော့ပြီ ထင်သည်။တစ်ယောက် တစ်ခွန်း အကြင်နာ စကားများနှင့် ဖေးမခဲ့ကြလေ၏။

'နင်ကလည်း တော်တော့်ကို ကဲတယ်နော်၊ ငါ ကြည့်မရတော့ဘူး၊ နင့်ပုံစံက လူနဲ့ မတူတော့ဘူး၊ စောင်ပုံကြီး ရွေ့လာသလိုပဲ'

'အေးလေ ဟုတ်ပ၊ နင်က နင့်ကိုနင် တော်တော်ညှာတဲ့ နေရာမှာ တော့ နိုးတူးပဲ'

'ငါက အချမ်းဒဏ်ကို မခံနိုင်ဘူးဟဲ့၊ အေးတဲ့ခံစားမှုကို ငါသိပ် ကြောက်တာ'

'အဲဒါပဲ၊ ကြောက်တဲ့ဟာတစ်ခုကို ကြောက်တယ် ကြောက်တယ် အော်မနေနဲ့၊ ရင်ဆိုင်ပစ်လိုက်၊ ထင်သလောက် ကြောက်စရာ မကောင်းဘူး ဆိုတာ နင် တွေ့လာလိမ့်မယ်'

သူတို့သုံးယောက်၏ တစ်ယောက်တစ်ပေါက် အပြောများမှာ ခက်မေ အောင် မျက်လုံးက ကလယ်ကလယ်။ သူတို့ ဘာလုပ်ချင်နေမှန်းလည်း မသိ။ တစ်ခုခု လုပ်တော့မည် ဆိုတာတော့ စိတ်က သိနေသည်။ ပထမဆုံး သတိထား ကြည့်မိတာက ညီ့ကို။ ညီက ခြေမြန်လက်မြန် ရှိသည်။ သူ ဘာလုပ်နိုင်လဲ။ သတိအနေအထားဖြင့်သာ ခပ်ပေပေ ကြည့်နေမိချိန် တိုက်ကွက်က မထင်မှတ် သော ရှုထောင့်မှ စလေသည်။ ဗညားက ဆိုးဆိုးဆတ်ဆတ်ဖြင့် ခက်မေအောင် ခေါင်းစွပ်ကို ဆွဲယူဖြုတ်လိုက်လေတော့၏။ ညီ့ထံ အာရုံရောက်နေသော ခက်မေအောင်မှာ ဗညားတိုက်ကွက်မှာ တိုက်ပွဲကျသွားရင်း ခေါင်းစွပ်ကို ဆွဲလု သော်လည်း ပြန်မရတော့။

'ဟဲ့ ဘာလုပ်တာလဲ၊ ပေး... ပေး ငါ့ခေါင်းစွပ် ပြန်ပေး'

'မပေးဘူး၊ ခဏလေး အောင့်ထား၊ အေးတဲ့အရသာလေးကို ခဏလေး ခံစားကြည့်၊ မိုက်တယ်'

'ဟုတ်တယ် ခက်မေအောင်ရဲ့၊ ပေး နင့်လွယ်အိတ်၊ နင် မိ နောက်က နေ အအေးဓာတ်လေးကို အားပါးတရ ခံစားပြီး လိုက်သွား'

ညီက ဖိုးဖတ်ဖြင့် လွယ်အိတ်ကို ဆွဲယူကာ သူ့စက်ဘီးခြင်းထဲ ထည့် လေသည်။ မိက ညီ့စကားအတိုင်း ခေါင်းမော့ လက်နှစ်ဖက်ကားကာ ခံစား


mgyoe.com

mgyoe.com

ကြည့်ဟူသောပုံ လုပ်ပြသည်။ သူမ အိုက်တင်က ဇာတ်ဝင်ခန်းထဲက မင်းသမီး တစ်ယောက် အိုက်တင်လိုပင်။ ဗညားကတော့ ခက်မေအောင်၏ ခေါင်းစွပ်ကို လုံးထွေးကာ သူ့လွယ်အိတ်ထဲတောင် ထည့်ပြီးနေလေပြီ။ ခက်မေအောင် တက်တစ်ချက် နာနာခေါက်ကာ သူတို့ သုံးဦးကို နုပ်နုပ်စဉ်းပစ်ချင်စိတ် ပေါက်မိ၏။ လောလောဆယ်မှာတော့ စဉ်းစရာလည်း ဘာလက်နက် ကရိယာမှ မရှိသမို့ တောက်ကို အသံထွက်ခေါက်ကာ ခြေထောက်တစ်ဖက် ဆောင့်ပြ လိုက်ရင်း မကျေနပ်မှုကို ပြရသည်။ ညီက စပ်ဖြီးဖြီးဖြင့် ခက်မေအောင် လုပ်သည့်ပုံစံ အတိုင်း ထပ်တူကျအောင် ပြန်လုပ်ပြချိန် 'ချစ်စရာလေး ချစ်စရာ လေး' ဟု ဆိုကာ ဗညားက အတင်းဖက်နေသည်မို့ သူတို့နှစ်ယောက် တွန်းလား ထိုးလားတွေ ဖြစ်နေချိန် မိက 'ကဲ တက် တက်' ဟု ဆိုကာ လောဆော် လာတော့သည်။

စက်ဘီးသာ မစီးတတ်သော်လည်း စက်ဘီးပေါ် တက်တာတော့ တစ်မိုးတွင်းလုံး လေ့ကျင့်ခဲ့ပြီမို့ ခက်မေအောင် ကျွမ်းကျင်နေခဲ့ပြီ။ မိစက်ဘီး အရှိန်ကိုချိန်ကာ ဟန်ချက်ညီအောင် ပြေးတက်ရင်း နောက်က ထိုင်လိုက်မိချိန် အားပါးပါးဟု အသံထွက် အော်မိအောင် အေးစိမ့်သွားလိုက်သည်မှာ ပြောမ ပြတတ်အောင်ပင်။ နောက်က စက်ဘီးနင်းလာသော မျောက်လောင်း နှစ်ကောင် ကတော့ နည်းနည်းမှ မအေးသည့်ပမာ မြူးပြနေကြ၏။ မခံချင်စွာဖြင့်ပင် အံကို ကြိတ်ကာ ရာသီကို အန်တုဖို့ သတ္တိမွေးလိုက်တော့သည်။ လာလေရော့။

ဟေး .... ဟေး .... ဟေး ....။

စက်ဘီးနောက်မှနေပြီး လက်ကို ဆန့်ထုတ်လိုက်ကာ မျက်နှာကို မော့၊ ပါးစပ်က တဟေးဟေးဖြင့် အငွေ့များထွက်အောင် ပျော်ပြလိုက်သော ခက်မေအောင်ကို ကြည့်ကာ ဟိုနှစ်ကောင် ကြောင်အအ ဖြစ်သွားလေသည်။ ပြီးတော့မှ သဘောပေါက်သွားဟန်ဖြင့် သူတို့ကိုယ်တိုင် တဟေးဟေး တဟားဟား ဖြစ်ကုန်ကာ ခက်မေအောင် ပုံစံအတိုင်း လိုက်လုပ်ကြသည်။ စက်ဘီးလက် ကိုင်တွေ လွှတ်၊ မျက်နှာကြီးတွေ မော့ကာ တဟေးဟေးဖြင့် အငွေ့တွေ မှုတ် ထုတ်လွှတ်ခြင်း၏ အဆုံးသတ်မှာတော့ သူတို့စက်ဘီး အချင်းချင်း ဒုန်းခနဲ ဝင်တိုက်ကာ ဘိုင်းခနဲ လဲကျကုန်ခြင်းပင်။ သွားရာပြီ။

ဒီနေ့ ဖီးဆစ်ဒက်ဖနေးရှင်းများ မေးမည် ဆိုသောကြောင့် စက်ဘီး


mgyoe.com

နင်းရင်း အသားကုန် ပြန်ရွှတ်နေသော မိက သူ့အာရုံဖြင့်သူ နောက်က စက်ဘီး နှစ်စီး တိုက်ကုန်သည်ကို မကြား။ ခက်မေအောင်ကတော့ ကြားလည်းကြား မြင်လည်း မြင်ပါလျက်နှင့် တာ့တာတွေ ပြကာ အားရဝမ်းသာတွေ ဖြစ်လိုက် သည့်ဖြစ်ခြင်း။ နောက်က တိုက်မိထားသည့် စက်ဘီးနှစ်စီးကတော့ ဘယ်လောက် အထိနာသည် မသိ။ ခက်မေအောင်တို့ တော်တော်ဝေးသည့် အထိ မထနိုင် ကြ။ ကောင်းလေစွ။

ထိုနေ့က ခက်မေအောင်တို့ ကျောင်းရောက်ပြီး တော်တော်ကြာသည့် အထိ ညီနှင့်ဗညား ရောက်မလာခဲ့ကြပေ။ ခက်မေအောင်မှာ တွေးလိုက်တိုင်း သူတို့နှစ်ယောက် လက်ကြီးတွေ ဆန့်ကာ ပါးစပ်က တပေါးပေါးဖြင့် အငွေ့တွေ မှုတ်ထုတ်နေကြရင်း ဒိုင်းခနဲတိုက် ဘိုင်းခနဲ ဖြစ်ကုန်ကျသည့် ပုံရိပ်ကို ပြန်မြင် ယောင်ရင်း ရယ်ချင်သည်က အူထဲ တလိပ်လိပ်။ ခက်မေအောင် မျက်နှာက ပြုံးစိပြုံးစိ သိပ်ဖြစ်နေလွန်းသည်လား မပြောတတ်။ မိက တောင် ' နင် ဘာဖြစ် နေတာလဲ 'မေးယူရသည့် အထိပင်။

သို့သော် ထိုခံစားမှုက မကြာလိုက်ပါ။ တဖြည်းဖြည်းနှင့် သူတို့ ရောက်မလာသေးတာကို သတိထားမိသည့်အချိန် အပျော်မှ ပူပင်မှုကို ရွှေ့သည်။ ပူပင်မှုမှသည် ငါ့ကိုများ ဒေါသတွေ ထွက်နေကြမလားဟု တွေးကာ ကြောက်လည်း ကြောက်လာသည်။ ပြောလို့ မရ။ သူတို့က ယောကျ်ားလေး စိတ်နှင့် ဖြုံးဖြဲထလုပ်လျှင် ငါတော့ သွားပြီဟု တွေးရင်း လူက နေလို့ထိုင်လို့ မရချင်တော့။ ခါတိုင်း အခန်းပေါက်နှင့် အနီးဆုံးထိုင်မိသူက 'ငါ ဒီနေ့ ဒီဘက် မှာ ထိုင်ချင်လို့ပါ' အကြောင်းပြကာ မိနှင့် ကွယ်သော အတွင်းနေရာကို ပြောင်းထိုင်မိတော့သည်။ မသကာ တစ်ခုခုဆို မိက ရှေ့မှာခံနေတော့ သူတို့ ထောင်းထုတာ ဖြစ်ဖြစ်၊ ထိုးနှက်တာ ဖြစ်ဖြစ် ရှေ့မှာ ဒိုင်းတစ်ခု ရှိစေတော့ ဆိုသည့် သဘောပင်။

နောက်ငါးမိနစ်လောက် အကြာမှာတော့ ညီနှင့်ဗညား အတန်းတွင်း သို့ ဝင်လာသည်။ သူတို့ဆီ ပါသွားသော ခက်မေအောင်၏ လွယ်အိတ်ကို ခုံရှေ့အရောက် လာပေးသည်။ မျက်နှာပိုးသေသေဖြင့် ခက်မေအောင် နေဖို့ ကြိုးစားသော်လည်း သူတို့ ဒဏ်ရာဒဏ်ချက်များကို မြင်ချိန် ခွိခနဲ အသံက ထွက်ဖြစ်အောင် ထွက်သွားသေးသည်။ ပြီးမှ သူတို့ စိတ်ဆိုးမှာ စိုးကာ



mgyoe.com

mgyoe.com SAMPLE BOOK

ကမန်းကတမ်း မျက်နှာပိုး သတ်ရပြန်၏။ ညီက ခက်မေအောင်၏ ခွဲကို မျက်လုံး တစ်ချက် လှန်ကြည့်ရုံသာကြည့်ပြီး ဘာမှမပြော။ ဗညားကတော့ ခက်မေအောင် ကို ဂရုပင် မစိုက်ဘဲ မိထံမှ ဘောလ်ပင်တစ်ချောင်း ငှားကာ အလုပ်ရှုပ်နေသည်။ ကြည့်ရတာ ခက်မေအောင်ကို စိတ်ဆိုးဖို့ အာရုံရှိကြဟန် မတူသည်မို့ အခုမှ စိတ်အေးလက်အေး ရှိရသည့်အဖြစ်ပင်။

မကြာခင်မှာပင် အတန်းထဲကို ဆရာမ ဝင်လာသည်။ မဂ်လာပါ ဆရာမ ဟု ခါတိုင်းနှုတ်ဆက်နေကျအတိုင်း သံပြိုင်နှုတ်ဆက်ကြသည်။ သို့သော် ခါတိုင်းထက် ထူးဆန်းသွားသည်ကတော့ စာအုပ်ထုတ်ဖို့ လွယ်အိတ်ထဲ လက်နှိုက်လိုက်စဉ်မှာ ပျော့အိအိ လှုပ်စိစိ အရာတစ်ခုကို ကိုင်လိုက်မိခြင်းပင်။ စိမ့်ခနဲ ကျဉ်သွားသော ခံစားမှုနှင့်အတူ ဘာကြီးလဲဟု အိတ်ထဲ ကုန်းကြည့် လိုက်ချိန်မှာတော့ အိတ်ထဲက ပြူးပြူးကြီး ပြန်ကြည့်နေသည့် ဖားတစ်ကောင်။

'အမလေး'

အော်သံနှင့်အတူ လန့်ပြီး ခုန်ထလိုက်သည့်အချိန် ဟန်ချက်ပျက် ကာ ဗိုင်းခနဲ ဖင်ထိုင်ပြုတ်ကျသည်။ တစ်ခန်းလုံးလည်း ရုတ်ရုတ်သဲသဲ ဖြစ်သည်။ အိတ်ထဲက ရာဘာရုပ် ဖားအတုကြီးကို ကိုင်ထုတ်မိကာ ယောကျ်ားလေးတွေ ထိုင်သော နောက်ဖက်တန်းဆီသို့ လှည့်ကြည့်နေတာ မြင်ရသည်။ ဆိုးလိုက်တဲ့ ကောင်နှစ်ကောင် သေပါစေတော် ဟုသာ ခက်မေအောင် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲမိလေတော့သည်။

ထိုနေ့ တစ်နေ့လုံး ခက်မေအောင် သူတို့နှစ်ကောင်ကို စကားမပြော ဖြစ်တော့ပါ။ အပြန်ခရီးမှာလည်း မိစက်ဘီး နောက်မှ လိုက်မပြန်ဖြစ်ခဲ့။ သဘောကတော့ ခက်မေအောင် စိတ်ကောက်နေပါသည်ပေါ့။ စိတ်ကောက်နေ တာကို ဒင်းတို့ သိစေဖို့ပေါ့။ သိစေချင်သူတွေ သိဖို့ နည်းနည်းတော့ အမောခံရ လေသည်။ ခါတိုင်း စက်ဘီးနောက်က သက်သောင့်သက်သာ လိုက်ပြန်ခဲ့ရ သည်မို့ အိမ်ပြန်ခရီးသည် သာသာယာယာ။

အခုတော့ မောလောက်အောင် လျှောက်လိုက်ရလေသည်။ မိက လည်း သူမကိုပါ မဆီမဆိုင် စိတ်လုပ်နေသည် ထင်ကာ စက်ဘီးကို တရကြမ်း နင်းထွက်သွားလိုက်သည်မှာ လှည့်တောင် မကြည့်တော့။ ဟိုသူကောင်းသား နှစ်ကောင်ကတော့ ခက်မေအောင် လျှောက်လာရာ နောက်နားဆီမှာ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြည်းဖြည်းချင်း နင်းလိုက်လာကာ ကလင်ကလောင် အသံပြုနေကြသေးသည်။ ခက်မေအောင်က တစ်ချက်မှ လှည့်မကြည့်ချိန်မှာတော့ သူတို့လည်း လက်လျှော့ကာ သာခွေယိုင်ပုံစံများဖြင့် စက်ဘီးကိုနင်း ထွက်သွားကြတော့သည်။

အဲ သာခွေယိုင်ပုံစံ ဆိုသည်မှာ ဘယ်လိုလဲ ဆိုလျှင်တော့ ခက်မေအောင် မပြောတတ်။ သဘောတရားကိုတော့ သိလေသည်။ တစ်ခုခု အားမရှိသလို ပျော့တိပျော့ဖတ် လုပ်နေလျှင် ဘွားဘွားတို့က သာခွေယိုင်ဟု တင်စားပြောတတ်သည်မို့ ဒီစကားက ခက်မေအောင် နားထဲစွဲနေခဲ့ပြီ။ အခုလည်း စက်ဘီးကို မနင်းချင် နင်းချင် နင်းသည်ဆိုရုံ နင်းသွားသော ဟိုနှစ်ကောင်ပုံစံမှာ ဘွားဘွားတို့ ပြောသော သာခွေယိုင်မှ သာခွေယိုင်စစ်စစ်။ သွားကြပေတော့။ ဒီတစ်ရက်ကတော့ ဒင်းတို့ သာခွေယိုင်နှစ်ကောင်ကို ခေါ်ပြောပတ်သက်ဖို့ မရှိလေပြီ။

❑

ဗညားကို ခင်မင်နေသော သက်တမ်းတစ်လျှောက်မှာ ကိုညား ဟု ပြောင်းလဲခေါ်ဝေါ် သုံးစွဲဖြစ်သော နေ့ကတော့ တကယ့်ကို မှတ်မှတ်ရရ ရှိလှသည်။ ထိုတစ်ပတ် သောကြာနေ့မှာကတည်းက မနက်ဖြန် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်တော့မည်။ အနားယူရမည့် အတူတူ ဘုန်းကြီးကျောင်းလိုက်ကာ ကဲမည်ဟု ဆုံးဖြတ်တိုင်ပင်ခဲ့ကြလေသည်။ ဘွားလေး ညနေခင်းတိုင်း သွားနေကျ ရွှေဘုံသာကျောင်းတိုက်ကို မိတို့ အဘွားလည်း သွားသည့်အပြင် ဗညားအမေလည်း သွားသည်ဟု သိပြီးချိန် ညနေခင်း ဆုံကြမည်ဟု ချိန်းလိုက်ခြင်း သက်သက်သာ။


mgyoe.com

mgyoe.com
SAMPLE BOOK

ရွှေဘုံသာကျောင်းတိုက်ကြီးက ကျယ်လည်းကျယ်၊ သာလည်းသာ ယာလှကာ သီးပင်စားပင် များလှသည်က သွားလိုခြင်း၏ ရည်ရွယ်ချက် အစစ် အမှန်ပင်။ အစားမက်သော ညီတစ်ယောက် ရွှေဘုံသာကျောင်းဝင်းတွင်းက သကြားသီးတွေကို စားချင်လှချည့်ရဲ့ ဖြစ်နေတာလည်း ပါသည်။ သို့နှင့် အကြောင်းပေါင်းစုကာ ရဲလေးဘော်တို့ ဘုန်းကြီးကျောင်းသို့ ရောက်ဖြစ်ခဲ့ကြ တော့သည်။

ကျောင်းဝင်းထဲ ရောက်ပြီးချိန်မှာတော့ လူကြီးများ အားလုံးက ခက်မေအောင်တို့ ဘာကြောင့် ဘုန်းကြီးကျောင်း လိုက်လာသည်ကို သဘော ပေါက်သွားကြပြီ။ ဆူဆူညံညံ သိပ်မလုပ်ကြနဲ့နော်ဟုသာ သတိပေးကာ သဘောရှိ လွှတ်ပေးထားကြတော့သည်။ ဗညားအမေကိုတော့ ထိုနေ့မှ တွေ့ဖူး ခြင်းဖြစ်ကာ ဗညားနှင့် မျက်နှာပေါက် ဆင်လှလေသည်။ စကားပြောလျှင် ပြုံးရိပ် ဆင်သော မျက်နှာလေးဖြင့် စကားပြောတတ်တာလေးက ချစ်စရာ။ 'ကိုညား ရေ...၊ သားလေး ဘုန်းဘုန်းဦးသောဘိကျောင်းရှေ့က စံပယ်ပန်းလေးတွေ ခူးပြီး သီပေးပါလားကွယ်၊ ပြီးမှ သားတို့ သွားချင်တာသွား' ဆိုသော ချိုချို သာသာ အသံလေးကို အကြားမှာတော့ ခက်မေအောင် အံ့သြမှင်တက်ခဲ့ရ တော့သည်။ ဗညားနှင့် ခင်လာသည့် သက်တမ်းမှာ ကိုညား ဆိုသော အခေါ် အဝေါ်ကို ပထမဆုံး ကြားဖူးခြင်းပင်။ ခေါ်လည်း ခေါ်တတ်သည့် သူ့အမေပဲ။

စံပယ်ပန်းရုံများ ရှေ့ကို ရောက်သည့်အထိ သူတို့လို စံပယ်ပွင့်လေး တွေ အလုအယက် မခူးမိ။ သူမ သိချင်နေသော မေးခွန်းကိုသာ သေချာအောင် ထပ်မေးဖြစ်သည်။

'ဗညား... နင့်အမေက နင့်ကို ကိုညားလို့ ခေါ်တာနော်'

ဗညားက လှည့်တောင်မကြည့်ဘဲ အေး ဟု ဖြေလေသည်။ မိကတော့ ခူးလက်စ စံပယ်ပွင့်လေးကို ကိုင်ကာ ခက်မေအောင်ကို စူးစူးစမ်းစမ်း လှမ်းကြည့် လာသည်။ ညီကလည်း ခက်မေအောင် မေးသည်ကို ကြားလိုက်ပုံဖြင့်-

'သူ့အမေမှ မဟုတ်ဘူး၊ သူတို့တစ်အိမ်လုံး အဲဒီလို ခေါ်ကြတာ၊ သူက အဲဒီလိုခေါ်တာ ကြိုက်တာ မဟုတ်ဘူး'

'ဟင် ဘာဖြစ်လို့လဲ၊ ငါကြိုက်တယ် အဲဒီနာမည်လေးကို '

ခက်မေအောင် စကားပြော လောကြီးသွားသည် ထင်သည်။ ဗညား


mgyoe.com

mgyoe.com

က မျက်ခုံးကြီးပင့်ကာ ရယ်ဟဟဖြင့် လှည့်ကြည့်လာသလို မိက ချောင်းမဆိုး ချင်ပါဘဲ လုပ်ချောင်းကြီးလုပ်လျှက် တဟွပ်ဟွပ် ဆိုးနေသည်။ ညီကတော့ ဘာပြောရမှန်း မသိဟန်ဖြင့် ပါးစပ်ကြီးဟကာ ခက်မေအောင်ကို ငေးနေတော့ သည်။ ခက်မေအောင် တံတွေးသီးမတတ်ပင် ကမန်းကတမ်း ဖြေရှင်းချက် ထုတ်ရတော့သည်။

'ဟဲ့ ဘာတုံး၊ ငါ ပြောတာ ကိုညားဆိုတဲ့ နာမည် အခေါ်အဝေါ် ဒါကို ပြောတာ၊ ဘာဖြစ်တာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ နင် ကြိုက်ရင် ခေါ်ပေါ့ အဲဒီလိုပဲ'

'တကယ်လား၊ ခေါ်လို့ရလား'

'ဩော် ရပါတယ်ဆို'

ခက်မေအောင် ပျော်သွားသည်။ ကိုညားဆိုသော ချစ်စရာ နာမည် ဆန်းလေးကို ခေါ်ခွင့်ရသွားသည်မို့ စိတ်ထဲ တကယ်ကို ကျေကျေနပ်နပ် ဖြစ်သွား တော့သည်။ ခက်မေအောင်က ဆိုက်ကို။ ကိုယ့်နာမည် ခက်မေအောင် ဆိုသည့် ထောင့်တောင့်တောင့် မာဆတ်ဆတ် နာမည်ကို သဘောမကျသမျှ သူတစ်ပါး နာမည်လှလှလေးများဆိုလျှင် အလွန်အမင်း သဘောကျတတ်တာ ဝါသနာ။ အခုတော့ ကိုယ့်သူငယ်ချင်းလေးမှာ ချစ်စရာ နာမည်လေးတစ်ခု ရှိနေခဲ့ပြီ။ အဲဒီလိုသာ ခေါ်လိုက်ရမည်ဆို အရသာရှိ ချစ်စရာ ကောင်းနေလိမ့်မည်ဟု ထင်နေမိတော့သည်။ ထိုအချိန်မှာ ညီက တစ်စခန်းဖောက်လေ၏။

'အဲဒါဆို ငါ့ကိုလည်း ကိုညီလို့ ခေါ်'

'ဟမ်.. ဘယ်လို'

'နင်က သူ့ကို ကိုညားဆို ၊ အာ့ဆို ငါ့ကိုလည်း 'ကို' တပ်ခေါ်လေဟာ၊ ကိုညီလောက်တော့ လုပ်ပေါ့'

'အာ မလုပ်ပါဘူး၊ နင့်နာမည်က ညီ ဆိုတာလေးက ချစ်စရာကောင်း တာ၊ ကို တပ်လိုက်ရင် မလှတော့ဘူး၊ မိ နာမည်လေးမှာလည်း မိ တစ်လုံးထဲက မိုက်တာဟဲ့၊ ခံလည်း မခံစားတတ်ဘဲနဲ့ ဟုတ်တယ်နော် မိ၊ ဟုတ်တယ်မလား'

ခက်မေအောင်က တိတ်ဆိတ်စွာ ပန်းခူးနေသော မိကို အဖော်စပ် ဖြစ်သည်။ ထိုတော့မှ ခက်မေအောင် သတိထားမိသည်။ မိ ဘယ်အချိန်ကများ ထွက်သွားသည် မသိ။ စံပယ်ပွင့်များ ခူးထားသော ဗန်းလေးကို ကိုင်ကာ တရွေ့


mgyoe.com

mgyoe.com SAMPLE BOOK

ရွှေလှမ်းသွားသည်မှာ နည်းနည်းတောင် ဝေးနေလေပြီ။ မိက ပြောတောင် မသွားဘူးဟု တွေးလိုက်ရင်း စံပယ်ပွင့်များများ ရအောင် ခပ်မြန်မြန် ခူးနေလိုက်တော့သည်။ ညီနှင့် ဗညားကတော့ ခက်မေအောင် ခူးနေသော စံပယ်ရုံမှာ လုခူးနေရသောကြောင့် ထင်သည်။ ဟိုဘက်စံပယ်ရုံကို ရွှေခူးကာ နှစ်ဦးသား ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် ဘာတွေ ပြောနေကြမှန်း မသိ။ ခက်မေအောင် ကတော့ မိ နောက်ကို လိုက်ချင်ဇောဖြင့် ပန်းကိုသာ ခပ်သွက်သွက် ခူးနေမိချိန် ဘယ်အချိန်ထဲက ချောင်းနေမှန်း မသိသော အန္တရာယ်က ခက်မေအောင်ထံ တည့်တည့်ကြီး လာလေတော့သည်။

ပထမတော့ တုံ့ခနဲ ဖြစ်သွားသော ခံစားမှုကို သိလိုက်သည်။ လှည့်မကြည့်ဖြစ်ခဲ့။ ဒုတိယအကြိမ် တုံ့ခနဲ ဖြစ်ချိန်မှာတော့ အောက်ကို ငုံ့ကြည့်လိုက်ချိန် သူမ စကပ်ရှည်ကြီးကို ကိုက်ဆွဲနေသော ခွေးကြီးတစ်ကောင်ကို အနီးကပ် မြင်လိုက်ရလေတော့သည်။ စကပ်အစွန်းကို အားပါးတရ ကိုက်ဆွဲထားသော ခွေးတစ်ကောင်၏ အနီးကပ် အနေအထားကို ခက်မေအောင် တစ်ခါမှ မမြင်ဖူးသလို ဒီလိုကျောစိမ့်စရာ ခံစားမှုကိုလည်း မခံစားဖူးပါ။ စကပ်စွန်းပြီးလျှင် သူ ကိုက်ဆွဲမည့် အရာမှာ ခက်မေအောင်၏ အသားတစ်သာ ရှိတော့သည်မို့ ငယ်သံပါအောင် အော်ထည့်လိုက်မိသလို လက်ထဲက ပန်းခူးထားသော ဇန်းလေးမှာလည်း ဂလွမ်ဂလောင်နှင့် ပြုတ်ကျသွားတော့သည်။

တစ်ဖက်ပန်းရုံမှ ညီနှင့် ဗညားလည်း လွှားခနဲ အနားကို ပြန်ရောက်လာကြကာ ဓမ္မာရုံထဲမှ လူကြီးများ၊ နီးစပ်ရာ ကျောင်းဆောင်များမှ ဘုန်းဘုန်းများ အကုန်ပြေးထွက်လာကြသည့်အထိ ခက်မေအောင်၏ အသံက အောင်လွန်းလှသည်။ စကပ်ရှည်ရှည် ဖားဖားကြီးကို ဆော့စရာ အစတစ်စ ထင်ကာ ကိုက်ခဲထားဟန်တူသည့် ကျောင်းခွေးကြီးမှာလည်း ခက်မေအောင်၏ ငယ်သံပါအောင် အော်လိုက်သံကြောင့်ထင့်။ ကိုက်ခဲလက်စ အစကို ဗြဲခနဲ ပါသွားအောင် ကိုက်ဖြဲဆွဲယူလိုက်ကာ နေရာမှ တန်းလှည့်ပြေးတော့တာပင်။ ဒီကြားထဲ ညီလား ဗညားလား မသိ၊ ပစ်လိုက်သော ခဲတစ်လုံး၏ ထိချက်ကလည်း ချက်ကောင်း ထိသွားသည်မို့ တကိန်ကိန် အော်ကာ ပြေးရသည်မှာ ကိုက်ထားသော အစပိုင်းလေးပင် လွတ်ကျသွားရပြန်သည်။

ထိုနေ့က ဘွားဘွားလည်း တရားမထိုင်ဖြစ်ခဲ့ပါ။ ကြောက်စိတ်ဖြင့်


mgyoe.com

mgyoe.com SAMPLE BOOK
ဟီးချိုရှိုက်နေသော ခက်မေအောင်ကို ချော့မော့နှစ်သိမ့်ရင်း ဘုန်းကြီးကျောင်းကို ကြက်သွန်လာပို့သော မြင်းလှည်းဖြင့်ပင် အိမ်ပြန်ဖို့ လုပ်ရတော့သည်။ မိ၊ ညီနှင့် ဗညားကတော့ စိတ်မကောင်းသော မျက်နှာလေးများဖြင့် အသီးသီးရပ်ကြည့်ကာ ကျန်ခဲ့ရှာသည်။ မြင်းလှည်းပေါ် အရောက်မှာတော့ ခက်မေအောင်က မျက်နှာငယ်လေးဖြင့် အကယ်ဒမီ ယူလိုက်သေးသည်။

'မိ၊ ညီ၊ ကိုညား ငါသွားပြီနော်'

ခွေးဆွဲလို့ အိမ်ပြန်ရမည့် အဖြစ်ကို ဇာတ်နာပြနေသည့် ရုပ်နှင့် အသံကြောင့် မိတို့ သုံးဦးသား၏မျက်နှာ စပ်ဖြဲဖြဲ ဖြစ်သွားလေ၏။ ခက်မေအောင်က သူတို့ ရုပ်များကို မမြင်ယောင်ပြုကာ ဘွားဘွားရင်ခွင်တွင်း မှင်သေသေဖြင့် မှီလိုက်လာရင်း အိမ်ပြန်လာခဲ့တော့သည်။ အိမ်ရှေ့ အရောက်မှာတော့ အကျိုးအကြောင်းစုံ သိသွားသော ဘွားဘွားကြီးက 'ခက်မေအောင်တို့ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်း ကောင်းပါ့အေ' ဟု ကောင်းချီးပေးလေ၏။

ထို့နောက်မှာတော့ အလန့်ပြေအောင်ဆိုကာ ဘွားဘွားတို့ တိုက်သော သံပုရာရေကို သောက်ရင်း ဟိုသုံးကောင် ဒီချိန်လောက်ဆို ဘာတွေ လုပ်နေမလဲ၊ ဘာတွေ စားနေကြမလဲသာ တွေးနေဖြစ်တော့သည်။

❑

ထိုနေ့က မိ ကျောင်းမလာခဲ့။ မိ ကျောင်းမလာသော နေ့မှပင် မိအကြောင်းကို ညီ့ထံ စပ်စုဖြစ်တော့သည်။ ကျောင်းနားမှ ကြာကန်ကြီး၏ အုတ်ပေါင်မှာ သုံးယောက်သားထိုင်ရင်း မုန့်စားဆင်းချိန်ကို ကုန်ဆုံးနေခိုက် မိ အကြောင်းကို မေးဖို့ သတိရသွားတာ ဖြစ်သည်။ ခက်မေအောင် ကျောင်းစတက်သည့်နေ့ မိ ပြောခဲ့ဖူးတာ ရှိသည်ကိုး။ 'နင် မယုံချင်လည်းနေလေ၊ ငါက မယုံလို့ မရဘူး၊ ငါက ဒီလိုနေရာတွေ သွားလို့ မရဘူး၊ သိုက်က ပြန်ခေါ်လိမ့်


mgyoe.com

mgyoe.com

မယ်' ဆိုသည့်စကား။ ခက်မေအောင်မှာ အတိအကျပင် မှတ်မိနေသည်မို့ ထိုစကားကို အရင်းအတိုင်း ညီ့ကို ပြန်ဖောက်သည်ချကာ မိက ဥစ္စာစောင့်လား ဟု မေးလိုက်မိတော့သည်။ ညီက ချက်ချင်းပြန် မဖြေဘဲ ကြားသလို မကြား သလိုဖြင့် ကြာကန်ထဲကို ခဲများပစ်ပေါက်ကာ ဆော့နေလေသည်။ ဗညားက သူလည်း သိချင်နေပုံဖြင့် အလယ်မှာ ထိုင်နေသော ခက်မေအောင်ကို ကျော်ကာ ညီ့မျက်နှာကို ကုန်းကြည့်လျက် အဖြေစောင့်နေဟန်။

ခက်မေအောင်မှာ ညီလုပ်နေပုံကို သိပ်စိတ်မရှည်ချင်တော့။ ညီ့နား ရွက်ကို ဆွဲလိမ်ထည့်လိုက်ကာ 'ဟဲ့ ဖြေလေ' ဟု အော်မိတော့သည်။ ညီက နာသွားဟန်ဖြင့် သူ့နားရွက်ကို ပွတ်ကာ 'လက်ကြမ်း ခြေကြမ်းနဲ့ဟာ မိန်းက လေးတဲ့၊ ဘယ်လိုတုံး' ဟု ရေရွတ်နေသေးသည်။ 'မင်းက ပဲများနေတာကိုး၊ ငါဆို အဲဒီလို မကြားချင်ယောင် ဆောင်တဲ့သူဆို နားရင်းအုပ်ချင်တာ' ဟု ဗညားက ပါ ဝင်အားပေးလိုက်ချိန်မှာတော့ မပြောလို့ မဖြစ်တော့ဟန်ဖြင့် မပွင့်တပွင့် ပြောပြလာသည်။

'မိက ထူးဆန်းတယ်ဟ၊ ငါကတော့ သူ စိတ်ကူးယဉ်နေတာတွေကို လူကြီးတွေက အဟုတ်မှတ်နေတယ် ထင်တာပဲ'

'ဘယ်လို ဘယ်လို၊ မိက ဘယ်လို စိတ်ကူးယဉ်တာလဲ၊ ရှင်းအောင် ပြောလေဟာ'

'သူက ခဏ ခဏ နေမကောင်း ဖြစ်တတ်တယ်၊ နေမကောင်း ဖြစ်ပြီ ဆိုလည်း ကယောင်ကတမ်းတွေ သိပ်ပြောတာ၊ ဘယ်လိုလဲ ဆိုတော့ကွာ ငါတို့ မသိတဲ့ နာမည်တွေ ခေါ်နေတာမျိုးတွေပေ့ါ၊ ဟိုဟာ... ဟိုးရှေးတုန်းက အခေါ် အဝေါ်မျိုးတွေ သုံးပြီး စကားတွေ ပြောနေတာမျိုးပေ့ါ၊ အဲဒါမျိုးတွေ လုပ်တာ'

ခက်မေအောင်နှင့် ဗညား မရိုးမရွတွေ ဖြစ်ကုန်ကာ ညီ့စကားကို အလွန်အမင်း စိတ်ဝင်စားမိသွားသည်မှာ ဟန်ပင်မဆောင်နိုင်တော့။

'ဘာလဲကွ၊ မင်းပြောတဲ့ ရှေးအခေါ်အဝေါ်ဆိုတာ မောင်ကြီးတွေ၊ နှမလေးတွေ၊ ခမည်းတော်ဘုရား၊ မယ်တော်ဘုရားတွေ ဒါမျိုးတွေကို ပြောတာ လား'

ခက်မေအောင်က 'ဟုတ်တယ် ဟုတ်တယ် အဲဒါမျိုးလား' ဆိုသည့် ပုံဖြင့် အားတက်သရော ဝင်ခေါင်းညိတ်ပေးလိုက်ရင်း ညီ့ပြန်ဖြေသံကို ငံ့လင့်


mgyoe.com